# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (14-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၁၄)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ဌာပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

**နေပြည်တော် မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအထက် ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ရွှေထီး တော်အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ သောဠသမရွှေကျင်သာသနာပိုင် ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

**စာမျက်နှာ ၁၆ ကော်လံ ၁ ➡**


## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြား နှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ( မန္တလေး )– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# မိဘများကို ကျွေးမွေးပြုစုကျေးဇူးဆပ်ခြင်းမင်္ဂလာ

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ၃၈ ဖြာမင်္ဂလာတရားတော်တွင် မာတာပိတုဥပဋ္ဌာန် မိဘနှစ်ပါးကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းသည် မင်္ဂလာမည်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ မိဘသည် အနန္တောအနန္တဂိုဏ်းဝင်ဖြစ်သည့်အတွက် သားသမီးတိုင်းက ပြုစုလုပ်ကျွေးစောင့်ရှောက်သင့်ပါသည်။

မိဘတိုင်းသည် သားသမီးမရမီကပင်ရရှိလာမည့် သားသမီးရတနာကိုမျှော်လင့်ရင်း စိတ်ကူးနှင့် ချစ်မြတ်နိုးကြသည်။ ထိုမှကိုယ်ဝန်ဆောင်စဉ်တွင် သန္ဓေသား ဒုက္ခမရောက်ရလေအောင် အစားအသောက်၊ အနေအထိုင် အထူးဂရုပြုကြလေ့ရှိသည်။ မွေးဖွားလာသည့်အချိန်တွင် နေ့ညမအား ပြုစုစောင့်ရှောက်ကြပြီး နို့ချိုတိုက်ကျွေး လူလားမြောက်လာအောင် တမြတ်တနိုးယုယုယယ ပြုစုထိန်းသိမ်းမွေးမြူကြလေသည်။

**မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ**ဟု မိဘဝတ္တရားငါးပါးနှင့်အညီ မိဘတို့သည် လူလားမြောက်လာသည့် သားသမီးများကို လိမ္မာယဉ်ကျေးသိမ်မွေ့လာအောင် မကောင်းမှုမှန်သမျှကို ဆိုဆုံးမတားမြစ်ကြသည်။ လူတော်လူကောင်းကလေးများဖြစ်လာအောင် ကောင်းသည့်အမှုကိစ္စတို့ကို ညွှန်ကြားလမ်းပြကြရသည်။ စာသင်ချိန်အရွယ်တွင် အသိပညာ၊ အတတ်ပညာများ မလစ်ဟင်းစေရန် ကြိုးကြပ်ဆောင်ရွက်ကြရသည်။ ပညာအရင်းအနှီး၊ စီးပွားရေးအရင်းအနှီးလိုအပ်ပါက ရှိသမျှပစ္စည်းဥစ္စာတို့ကို ထုခွဲ၍ တင့်တောင်းတင့်တယ် ဘဝရပ်တည်နိုင်ရေး အရင်းအနှီးပြုပေးရသည်။ သင့်တော်သူနှင့် ထိမ်းမြားမင်္ဂလာပြုပေးရန် အချိန်တန်ပါက အိမ်ထောင်ချထားပေးမှုကိုပြုရပေသည်။ ယင်းသို့သော မိဘတို့၏ ကျေးဇူးဂုဏ်တို့ကြောင့် သားသမီးတို့သည် အမိအဖတို့ကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တစ်ဖန်ပြန်၍ ပြုစုလုပ်ကျွေးစောင့်ရှောက်ထိုက်လှပေသည်။

သားသမီးက မိဘကို ပြုစုစောင့်ရှောက်ကျေးဇူးဆပ်ခြင်းသည် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ဖြစ်သည့်အတွက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တာဝတိံသာနတ်ပြည်သို့ ကြွမြန်း၍ မယ်တော်ဟောင်းဖြစ်ခဲ့သော သန္တုသိတနတ်သားကို အဘိဓမ္မာတရားတော်မြတ်ဟောကြားကျေးဇူးဆပ်တော်မူသည်။ နို့ချိုတိုက်ကျွေးပြုစုခဲ့ဖူးသော မိထွေးတော် ဂေါတမီကိုလည်း ဘိက္ခုနီအဖြစ် ရှေးဦးစွာရဟန်းပြုပေးခြင်းဖြင့် ကျေးဇူးတော်ကို ပြန်လည်ပေးဆပ်ခဲ့သည်။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင်ကျေးဇူးရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် မိဘကျေးဇူးပြန်လည်ပေးဆပ်ခဲ့သည်ဖြစ်ရာ မိဘကိုလုပ်ကျွေးပြုစုကျေးဇူးဆပ်ခြင်းမပြုသူသည် လူ့ဘဝတွင် လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်သဖြင့် တာဝန်မကျေခြင်းနောင်တတရားဖြင့် သောကပွားရပေလိမ့်မည်။

မိဘတို့သည် သားသမီးတို့ကို မေတ္တာရှေ့ထား၍ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းသည် လူ့တာဝန်တစ်ခုကို ကျေပွန်အောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ဖန် သားသမီးများကလည်း ကျေးဇူးရှင်မိဘနှစ်ပါးကို ပြန်လည်ကျွေးမွေးပြုစုစောင့်ရှောက်ကျေးဇူးဆပ်မှသာ လူ့တာဝန်ကျေသူဖြစ်ပါလိမ့်မည်။ မိဘကွယ်လွန်သွားသည့်အချိန်မှ မိမိ၏သားသမီးတာဝန်မကျေပွန်မိခဲ့ခြင်းကို နောင်တနှင့်ကျန်ခဲ့ရပါက ဘဝတွင် စိတ်ချမ်းချမ်းသာသာနေရရန် ခက်ခဲနိုင်ပါသည်။ စိတ်ချမ်းသာမှုမရှိသူသည် အောင်မြင်မှုအပေါင်းနှင့်လည်း အလှမ်းဝေးသည်ထက် ဝေးနေမည်သာဖြစ်၍ မိဘကို သက်ရှိထင်ရှားရှိစဉ် အကောင်းဆုံး၊ အတတ်နိုင်ဆုံး၊ စိတ်အချမ်းသာဆုံးဖြစ်အောင် တတ်စွမ်းသရွေ့ကျွေးမွေးပြုစုစောင့်ရှောက်သင့်ပါကြောင်း မေတ္တာရှေ့ထားဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၁၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၁၅၈၇၉၂ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူအပန်းဖြေကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲ ထားရှိပေးထားပြီး ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၀၃၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၅၇၆၀၉ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၅၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိလာ

**မန္တလေး မေ ၁၃**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ရေဦးဘက်ကထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာပြီး အရည်အသွေး ကောင်းမွန်သည့် ပဲပုပ်(ဗမာ)ကို ကုန်သည်များဈေးကောင်းပေး၍ ဝယ်ယူမှုရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းနေပါတယ်။ ပြည်ပကနေပြီးတော့ ပြည်တွင်းက ထွက်ရှိတဲ့ ပဲပုပ်ကို မှာယူမှုက အနည်းငယ်လောက်ပဲ ရှိတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)ဈေးနှုန်းမှာ မေလပထမပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ်၂၀၅၀၀၀ သာရှိခဲ့သော်လည်း ယခုလက်ရှိ ပဲပုပ်(ဗမာ) အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ယနေ့ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ပဲပုပ် (ရှမ်း) အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ရှမ်း)အမျိုးအစားမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# ရောဝတီမြစ်ရေများချိန်ကာလ လာမည့်ဇွန်လတွင် တောင်သမန်အင်းအတွင်း အင်းရေမြင့်တက်လာနိုင်

**မန္တလေး မေ ၁၃**

ရောဝတီမြစ်ရေများချိန်ကာလ လာမည့်ဇွန်လတွင် တောင်သမန်အင်းအတွင်း အင်းရေမြင့်တက်လာနိုင်ကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မကြာမီကာလတွင် ရောဝတီမြစ်အတွင်း ရေများချိန်ကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ထိုသို့ မြစ်ရေများချိန်ကာလတွင် တောင်သမန်အင်းအတွင်း မြစ်ရေများ ဝင်ရောက်လာမည်ဖြစ်ပြီး အင်းရေ တိုးလာနိုင်ကြောင်း သိရသည်။

"နှစ်စဉ် တောင်သမန်အင်းအတွင်း အင်းရေက တစ်နှစ်ကို အများဆုံးသုံးကြိမ်လောက်တော့ တိုးတယ်။ အခုပထမအကြိမ်အဖြစ် လာမဲ့ ဇွန်လကစပြီး တောင်သမန်အင်းရေမြင့်တက်လာနိုင်ပါတယ်။ လာမဲ့ဇွန်လထဲမှာ ရောဝတီမြစ်ရေနဲ့ ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်လာနိုင်တာကြောင့် အင်းရေပထမအကြိမ်တိုးလာဖို့ ရှိပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းနှင့်တံတားသို့ မေလ ပထမပတ်က လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း မေလဒုတိယပတ်တွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေ အစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ-အဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာပေါင်းမြို့နယ် သမင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေး

**သာပေါင်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သမင်ကုန်းကျေးရွာအုပ်စု သမင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို မေ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၇၁ လမ်း၊ ၁၁၃ လမ်း မြဝတီမင်းကြီးလမ်းနေ ကျန်းရစ်သူမိသားစုက ဦးသန်းအောင်အား ရည်စူး၍ ဆွမ်းပဒေသာသင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄ ခု ခွင့်ပြုပေးခဲ့



**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄ ခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လစဉ်ခွင့်ပြုပေးလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀ စုစုပေါင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၄ ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုပေးရာတွင် ယခုနှစ် ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခု စုစုပေါင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခု ခွင့်ပြုပေးခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏(၂/၂၀၂၃) အစည်းအဝေးတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ခွင့်ပြုပေးခဲ့ပြီး မတ် ၂၉ ရက်က ကျင်းပပြုလုပ်ခဲ့သည့် (၃/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခု စုစုပေါင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့သည့် (၄/၂၀၂၃) အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၇ ခု၏ တင်ပြချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ သတင်းများအရ သိရသည်။

(၁၃၆)

# စဉ့်ကိုင်မြို့နယ်၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဆင်းပွဲ ကျင်းပ

**စဉ့်ကိုင် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းဆင်းပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းနှင့် ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကာ လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးချစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်းသို့ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းများကို မေ ၅ ရက်မှ မေ ၁၂ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၃၇၅၀၀ စိုက်ပျိုးသွားမည်

**ရမည်းသင်း မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၃၇၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထားဧက ၃၇၅၀၀ ကို ယခုနှစ်ဇွန်လမှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည့် အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံလျာထားဧက ၃၇၅၀၀ ကို အခုနှစ် ဇွန်လမှာ စတင်စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးဖို့အတွက် တောင်သူတွေအနေနဲ့ ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမဲ့အပြင် အခြားဒေသကနေလဲ သီးနှံတွေတင်သွင်းရောင်းချစရာမလိုတော့မှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်”ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဇရုတ်၊ ချင်း၊ နနွင်း စသည့် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)



# ဈေးကွက်စိန်ခေါ်သံများကို လေ့လာခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်သည့်အခါတွင် အရေးကြီးသောအချက်တစ်ချက်သည် မိမိကုန်ပစ္စည်းကို ရောင်းချရမည့်ဈေးကွက်ပင်ဖြစ်သည်။ ဈေးကွက်တွင် ရင်ဆိုင်ရမည့်အခြေအနေများကို ကြိုတင်သိရှိရန်လိုအပ်သည်။ ထိုအခြေအနေများကို လေ့လာပြီး မိမိထုတ်ကုန်ကို ကြိုတင်ပြင်ဆင်နိုင်သည်။ ယှဉ်ပြိုင်ရမည့်သူများ၏ အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိနိုင်သည်။ ထို့ကြောင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်ကို ကြိုတင်လေ့လာသင့်သည်။ ထို့ပြင် အခြားသောလုပ်ဆောင်ရန်အချက်များလည်းရှိသည်။ ထိုအချက်များကိုလည်း လေ့လာသုံးသပ်ပြီး မိမိထုတ်ကုန်ကိုအောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ ဈေးကွက်တစ်ခုအတွင်းသို့ ထိုးဖောက်ဝင်ရောက်မည်ဆိုလျှင် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်တွင် ရင်ဆိုင်ရမည့်စိန်ခေါ်မှုအမျိုးမျိုးကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရင်ဆိုင်ကာ အနိုင်ယူနိုင်ရန်လိုအပ်သည်။

Michael Eugene Porter

Michael Eugene Porter ကို ၁၉၄၇ ခုနှစ် မေ ၂၃ ရက်တွင် မွေးဖွားသည်။ သူသည် အမေရိကန် ဟားဘတ်စီးပွားရေးကျောင်း၊ ဘစ်ရှော့ဝီလီယံလောရင့်စ်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည်။ သူ၏ Porter's Five Forces Analysis ဟူသော လေ့လာသုံးသပ်ပုံကို ဖော်ထုတ်ခဲ့ခြင်းကြောင့် ထင်ရှားကျော်ကြားသူဖြစ်သည်။ သူ့ကို ခေတ်သစ်စီးပွားရေးမဟာဗျူဟာနယ်ပယ်ကို စတင်သူတစ်ဦးအဖြစ် သတ်မှတ်ထားသည်။ ထို့ပြင် စီးပွားရေးစီမံအုပ်ချုပ်မှုပညာနှင့် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စများ၏ အတွေးအခေါ်ဆိုင်ရာကိစ္စများတွင်လည်း လွှမ်းမိုးသူပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ကြသည်။ သူ၏ Porter's Five Forces Analysis ကို ၁၉၇၉ ခုနှစ်တွင် စတင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**Porter ၏ အင်အားငါးရပ်**

စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်အတွင်း လုပ်ကိုင်ဆောင်ရွက်သည့်အခါတွင် လုပ်ငန်းတူအခြားစီးပွားရေးလုပ်ငန်းများနှင့် ပြိုင်ဆိုင်ကြရသည်သာဖြစ်သည်။ ပြိုင်ဆိုင်မှုများသည် ပြင်းထန်သည်လည်းရှိတတ်သကဲ့သို့ သာမန်မျှလည်းရှိတတ်သည်။ ဈေးကွက်တစ်ခုအတွင်း လုပ်ငန်းပြိုင်ဆိုင်မှုများကို တရားမျှတစွာ ယှဉ်ပြိုင်ကြသည့်အခါတွင် ဈေးကွက်၏ အားသာချက်၊ အားနည်းချက်များကို သိရှိရန်လိုအပ်သကဲ့သို့ ပြိုင်ဆိုင်ရသည့်အကြောင်းရင်း၊ ရောင်းသူနှင့် ဝယ်သူကြားအားပြိုင်မှု စသည့်အချက်များသည် များစွာအရေးပါသဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုသည် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အတွက် သိရှိထားရန် အထူးလိုအပ်သည်။ Porter ၏သုံးသပ်ချက် Porter's Five Forces Analysis တွင် အဓိကအားဖြင့် အချက်ငါးချက်ကို အခြေခံအားဖြင့် လေ့လာသုံးသပ်ရန် ဖော်ပြထားသည်။ ထိုအချက်များဖြင့် လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုသည် ဈေးကွက်တွင် အခွင့်အလမ်းမည်မျှရှိသည်၊ ပြိုင်ဆိုင်မှုမည်မျှရှိသည်၊ ထိုးဖောက်ဝင်ရောက်ရန် လွယ်ကူမှုရှိသည်၊ မရှိသည်တို့ကို သိရှိနိုင်သည်။ ထိုသို့သိရှိပြီး လုပ်ငန်းကို မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်သည်။ Porter ၏ လေ့လာသုံးသပ်ချက်ငါးရပ်မှာ ဈေးကွက်ဝင်ရောက်မှုအတွက် စိန်ခေါ်မှုများ၊ အထောက်အကူများအတွက် စိန်ခေါ်မှုများ၊ ဝယ်သူ၏စွမ်းအားနှင့် ရောင်းသူ၏စွမ်းအား၊ ပြိုင်ဘက်များ၏စိန်ခေါ်မှုများဟူ၍ ဖြစ်သည်။

**ဈေးကွက်ဝင်ပေါက်မှ စိန်ခေါ်သံများ**

ဈေးကွက်တစ်ခုကို စတင်ဝင်ရောက်ချိန်သည် အရေးအကြီးဆုံးကာလတစ်ခုဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းသစ်များအနေဖြင့် ဈေးကွက်တွင် ပါဝင်သူအများအပြားကို တွေ့ရမည်ဖြစ်ပြီး ပြိုင်ဆိုင်မှုအများအပြားကိုလည်း တွေ့ကြုံရမည်ဖြစ်သည်။ အကျိုးအမြတ်အားဖြင့်မူ နည်းပါးနေတတ်ပါသေးသည်။ ရင်းနှီးမြှုပ်နှံရမှုများ၊ ဖောက်သည်ရှာဖွေရမှုများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ များပြားနေတတ်သည်။ ဈေးကွက်တွင် အဓိကအတားအဆီးများအဖြစ် တွေ့ရမည့်ကိစ္စများမှာ အစိုးရ၏ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများဖြစ်သည်။ ဈေးကွက်အတွင်းသို့ လုပ်ငန်းသစ်များသည် လွယ်လွယ်ကူကူ စတင်ဝင်ရောက်နိုင်သော်လည်း တွေ့ကြုံရမည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကြိုတင်လေ့လာထားရန် လိုအပ်သည်။ အကောက်ခွန်၊ အမြတ်ခွန်နှင့် အခြားအခွန်အခများကို သိထားရန်လည်း လိုအပ်သည်။ ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေကိုလည်း အထူးလေ့လာထားရန်လိုအပ်သည်။ ယှဉ်ပြိုင်ဘက်များသည် ဖောက်သည်များရရှိပြီးဖြစ်၍ မိမိထုတ်ကုန်အတွက် မည်သည့်ဈေးနှုန်းဖြင့် ရောင်းချမည်၊ ဆွဲဆောင်မှုများကို မည်သို့ဆောင်ရွက်မည် စသည်တို့ကိုလည်း ကြိုတင်တွက်ဆထားရန်လိုအပ်သည်။ မိမိထုတ်ကုန်သည် အများသိရှိပြီးဖြစ်လျှင် မိမိထုတ်ကုန်၏အမှတ်တံဆိပ် (Brand) ကို ဈေးကွက်အတွင်း ခိုင်မာရန်၊ ဖောက်သည်ကောင်းစွာရရှိရန် လုပ်ဆောင်ရမည်။ ဖောက်သည်ကို ဆွဲဆောင်မှုအရှိဆုံးကိစ္စမှာ အရည်အသွေးကောင်းခြင်းနှင့် ဈေးသင့်တော်ခြင်းပင်ဖြစ်သည်။

ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ခါစတွင် အကျိုးအမြတ်ကို ရှေ့တန်းမတင်ရန်လိုအပ်သည်။ အမြတ်နည်းနည်းနှင့် ဖောက်သည်များများရှာနိုင်ရန် လိုအပ်သည်။ ဈေးကွက်စတင်ဝင်ရောက်ချိန်တွင် တွေ့ရှိရမည့်စိန်ခေါ်မှုများမှာ ဝင်ရောက်ခြင်းလွယ်ကူသည့်ဈေးကွက်တွင် စိန်ခေါ်မှုအများအပြားတွေ့ရတတ်သည်။ ထိုအထဲတွင် အမြတ်နည်းပါးခြင်းလည်း ပါဝင်တတ်သည်။ ထို့ကြောင့် အတိမ်းအစောင်းမခံဘဲ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်လိုအပ်သည်။ ပြိုင်ဆိုင်မှုမှာလည်း ပြင်းထန်တတ်သည်။ စတင်ဝင်ရောက်ချိန်တွင် အတားအဆီးများပြားသည့် ဈေးကွက်များသည် ပြိုင်ဆိုင်ရသည့်ပြိုင်ဘက်နည်းပါးတတ်ပြီး ဆွဲဆောင်မှုနှင့် အကျိုးအမြတ်လည်း များပြားတတ်သည်။ သို့ရာတွင် ကုန်ကျစရိတ်သည်လည်း လိုက်ပါမြင့်တက်လေ့ရှိသည်။ ဥပမာ- တချက်ဈေးကွက်သို့ နယ်စပ်မှဝင်ရောက်ရောင်းဝယ်သည့် သစ်သီးဝလံဈေးကွက်သည် ဝင်ရောက်ရောင်းချရန် ခက်ခဲမှုနည်းပါးတတ်သော်လည်း သူလိုကိုယ်လိုရောင်းချသူများပြားခြင်းကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တတ်သည်။ ပြိုင်ဆိုင်မှုပြင်းထန်သဖြင့် ရရှိသည့်ရောင်းဈေးမှာလည်း မမှန်ကန်ဘဲ ရောင်းသူများပြားချိန်များတွင် ဈေးရမှုနည်းပါးတတ်သည်။ ဂျပန်ဈေးကွက်သို့ ဝင်ရောက်သည့်ကိစ္စမျိုးတွင် အရည်အသွေးနှင့်ပတ်သက်၍ သတ်မှတ်မှုမြင့်မားသောကြောင့်လည်းကောင်း၊ ကုန်ချောအပေါ်တွင် ကောက်ခံသည့်အခွန်များပြားခြင်းကြောင့်လည်းကောင်း၊ အစိုးရ၏ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများပြားတင်းကျပ်ခြင်းကြောင့်လည်းကောင်း၊ ဝင်ရောက်ရန် လွယ်ကူမှုမရှိခြင်းကြောင့်လည်းကောင်း ပြိုင်ဆိုင်မှုတွင် နည်းပါးတတ်ပြီး အကျိုးအမြတ်လည်း များပြားတတ်သည်။ မည်သို့ဖြစ်စေ ဈေးကွက်စတင်ဝင်ရောက်လျှင် တွေ့ကြုံရမည့်စိန်ခေါ်မှုများတွင် ယှဉ်ပြိုင်သူများ၊ အစိုးရနှင့် အခြားသက်ဆိုင်ရာဌာနများ၏ဥပဒေများ စည်းမျဉ်းစည်းကမ်းများသည် အဓိကဖြစ်သည်။

**အထောက်အကူဆိုင်ရာ စိန်ခေါ်မှုများ**

ဝန်ဆောင်မှုဖြစ်စေ၊ ကုန်ထုတ်လုပ်မှုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ခုအတွက် အထောက်အကူပြုသည့်ကိစ္စများသည်လည်း များစွာအရေးကြီးသည်။ မိမိလုပ်ငန်းကို အခြားလုပ်ငန်းများနှင့် ပြိုင်ဆိုင်ရောင်းဝယ်ရသည့်အခါတွင် ယှဉ်ပြိုင်မှုကြီးမားသော်လည်း အကျိုးအမြတ်ပိုင်းတွင် နည်းပါးတတ်သည်။ မိမိရောင်းချမည့်ကုန်ပစ္စည်းအတွက် မည်သည့်အထောက်အပံ့များကို ဆောင်ရွက်ပေးနိုင်သည်ဆိုသည့်အချက်က အရေးပါလာသည်။ ဥပမာ- After Sale Service ကဲ့သို့ ဝန်ဆောင်မှုများပေးခြင်းနှင့် အချို့သောမက်လုံးပေးခြင်းများသည် အခြားပြိုင်ဘက်များက မလုပ်နိုင်သည့်အခါ မိမိလုပ်ငန်းအတွက် ဖောက်သည်များပြားလာစေသကဲ့သို့ အကျိုးအမြတ်လည်းပိုမိုစေသည်။ ဥပမာ- စတိုးဆိုင်တစ်ဆိုင်သည် ဝယ်ယူသည့်ကုန်ပစ္စည်းကို အိမ်အရောက်လိုက်ပါပို့ဆောင်ပေးသည်ဆိုပါက အခြားစတိုးဆိုင်များက ဆိုင်တွင်ပင်ရောင်းချပြီး လိုက်လံပို့ဆောင်နိုင်ခြင်းမရှိပါက Delivery Cost သက်သာသဖြင့် ဝယ်ယူသူကို ပိုမိုများပြားစေသည်။ အဆိုပါကွာခြားသည့်စရိတ်ကို Switching Cost ဟုလည်းခေါ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုအတွက် အဓိကအထောက်အပံ့များမှာ Switching Cost၊ အရည်အသွေးနှင့် ဈေးနှုန်းများပင်ဖြစ်ကြသည်။

**ဝယ်သူ၏စွမ်းအားမြင့်ချိန်စိန်ခေါ်မှု**

ဈေးကွက်တွင် ဝယ်သူနှင့်ရောင်းသူတို့၏ ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအတက်၊ အကျဖြစ်လေ့ရှိသည်။ များသောအားဖြင့် Perfect Competition Market များတွင် ယှဉ်ပြိုင်သူများပြားတတ်သဖြင့် ဝယ်သူဈေးကွက်ဖြစ်ပြီး ရောင်းသူများ များပြား၍ ပြိုင်ဆိုင်မှုပြင်းထန်တတ်သည်။ အရည်အသွေးမြင့်ကုန်ပစ္စည်းများတွင် ပြိုင်ဆိုင်မှုများပြားသော်လည်း အကျိုးအမြတ်နည်းပါးတတ်သည်။ ဝယ်သူများ၏လိုချင်သောဆန္ဒမှာ ဝန်ဆောင်မှုတွင် မြန်ဆန်ရမည်၊ အရည်အသွေးကောင်းမွန်ရမည်၊ ဈေးနှုန်းအားဖြင့် သက်သာရမည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ချိန်တွင် ရောင်းသူများအနေဖြင့် အမြတ်နည်းနည်းနှင့် များများရောင်းရရေးကို ဦးတည်ဆောင်ရွက်ရသည်။ ထိုအချိန်ကို ဝယ်သူစွမ်းအားမြင့်ချိန်ဟု ခေါ်ဆိုနိုင်သည်။ ထိုအချိန်မျိုးတွင် ရောင်းသူများက ပြိုင်ဘက်များကို အနိုင်ယူနိုင်ရန် ကုန်ပစ္စည်းများကို မက်လုံးများနှင့်တွဲပြီး ရောင်းချတတ်သည်။

**ရောင်းသူစွမ်းအားမြင့်ချိန်စိန်ခေါ်မှု**

အထက်ပါ ဝယ်သူစွမ်းအားများသော ဈေးကွက်နှင့်ဆန့်ကျင်ဘက်မှာ ရောင်းသူဘက်က အသာစီးရချိန်၊ ရောင်းသူစွမ်းအားမြင့်ချိန်ဟုခေါ်နိုင်သည်။ ရောင်းသူများ၏လိုအင်မှာမူ မြန်မြန်၊ များများရောင်းရရေးဖြစ်သည်။ ရောင်းချသူများသည် သတ်မှတ်ထားသောအရည်အသွေးတွင် အချိန်မြန်မြန်နှင့် အမြတ်များများရလိုခြင်းဖြစ်သည်။ ရောင်းသူများက ဝယ်ယူသူဖောက်သည်များအတွက် Switching Cost ကို ဆောင်ရွက်ပေးတတ်သော်လည်း စရိတ်ကြီးမြင့်တတ်သည်။ သီးခြားအထောက်အပံ့ပေးခြင်းမျိုး မလုပ်သည်ကို တွေ့ရသည်။ ဈေးကွက်တွင် ရောင်းသူနည်းပါးသည့်အခါမျိုးတွင် ရောင်းလိုအားနည်းပါးပြီး ဝယ်လိုအားသည် တစ်သမတ်တည်းဖြစ်သည့်တိုင်အောင် ရောင်းဈေးနှုန်းမြင့်လာတတ်သည်။ ဝယ်လိုအားများသည့်အခါတွင်မူ ဈေးနှုန်းသည် ပိုမိုမြင့်တက်တတ်သည်။ ထို့ကြောင့် ရောင်းသူဈေးကွက်ထက် ဝယ်သူဈေးကွက်ဖြစ်စေရန်လိုအပ်သည်။

**ပြိုင်ဘက်များ၏ စိန်ခေါ်မှု**

ဈေးကွက်အတွင်းတွင် ပြိုင်ဘက်များသည် အနည်းနှင့်အများရှိနေမည်သာဖြစ်သည်။ မိမိရောင်းဝယ်သည့်ပစ္စည်းနှင့် တူညီသောပစ္စည်းများကို ရောင်းချသောအခြားသူများသည် ယှဉ်ပြိုင်ဘက်များသာဖြစ်ကြသည်။ ရောင်းသူများပြားသည်နှင့်အမျှ ပြိုင်ဆိုင်မှုသည်လည်း ပြင်းထန်တတ်သည်။ အထူးသဖြင့် သီးနှံဈေးကွက်များသည် ရောင်းဝယ်သူအများဆုံးဖြစ်တတ်ပြီး ပြိုင်ဆိုင်မှုလည်း ပြင်းထန်တတ်သည်။ ထို့ကြောင့် ပြိုင်ဘက်များသည် မိမိကိုအသာစီးရရန် အစဉ်အမြဲကြိုးပမ်းနေတတ်ကြသည်။ ဈေးကွက်တွင် အရင်းအနှီးကြီးမားသည့် ပြိုင်ဘက်မျိုးရောက်ရှိလာသည့်အခါတွင် ယှဉ်ပြိုင်ရသည်မှာ ပိုမိုခက်ခဲတတ်သဖြင့် မိမိတစ်ဦးတည်းဖြင့် ယှဉ်ပြိုင်ရောင်းဝယ်ရန်ခက်ခဲသည့်အခါတွင် အခြားလုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသူချင်း ပေါင်းစည်းပြီး အစုအဖွဲ့များ၊ ကုမ္ပဏီများထူထောင်ပြီး ကြီးမားသောပြိုင်ဘက်ကို ယှဉ်ပြိုင်ကြရသည်။ ပြိုင်ဆိုင်မှုပြင်းထန်တတ်သည့်အကြောင်းများတွင် ရောင်းချသူများပြားခြင်း၊ ရောင်းသူချင်း အင်အားမကွာခြားခြင်း၊ စရိတ်စကမကွာခြားခြင်း၊ ရောင်းချသောကုန်ပစ္စည်းမှာ များစွာကွဲပြားခြားနားမှုမရှိခြင်း၊ ဈေးကွက်တွင် အကန့်အသတ်ရှိခြင်း စသည့်အချက်များရှိကြသည်။ ဥပမာ-ဆန်နှင့် စားသုံးဆီဈေးကွက်များမှာ ပြိုင်ဆိုင်မှုပြင်းထန်သောဈေးကွက်များဖြစ်တတ်သည်။

အထက်ပါစိန်ခေါ်မှုများသည် စီးပွားရေးလုပ်ငန်းငယ်များဈေးကွက်တွင် ကြုံတွေ့ရလေ့ရှိသည့် အခက်အခဲများဖြစ်ကြသည်။ ထို့ကြောင့် အထက်ပါစိန်ခေါ်မှုများကို တစ်ခုချင်း သေချာစွာလေ့လာသုံးသပ်ပြီး လုပ်ငန်း၏ မဟာဗျူဟာရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြရန်လိုအပ်သည်။ မည်သည့်လုပ်ငန်းမဆို လွယ်ကူစွာဖြင့် အောင်မြင်ကြသည်မဟုတ်ပါ။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းငယ်များသည် စတင်ခါစနှစ်များတွင် ပိုမို၍ခက်ခဲတတ်ပြီး ဖောက်သည်များရရှိခြင်းနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရရှိခြင်းများ ရရှိလာသည့်အခါမှသာ လုပ်ငန်းများကို ပိုမိုအောင်မြင်အောင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

❖ ရောင်းသူများပြားသည်နှင့်အမျှ ပြိုင်ဆိုင်မှုသည်လည်း ပြင်းထန်တတ်သည်။ အထူးသဖြင့် သီးနှံဈေးကွက်များသည် ရောင်းဝယ်သူအများဆုံးဖြစ်တတ်ပြီး ပြိုင်ဆိုင်မှုလည်းပြင်းထန်တတ်သည်။ ထို့ကြောင့် ပြိုင်ဘက်များသည် မိမိကိုအသာစီးရရန် အစဉ်အမြဲကြိုးပမ်းနေတတ်ကြသည်။ ဈေးကွက်တွင် အရင်းအနှီးကြီးမားသည့် ပြိုင်ဘက်မျိုးရောက်ရှိလာသည့်အခါတွင် ယှဉ်ပြိုင်ရသည်မှာ ပိုမိုခက်ခဲတတ်သဖြင့် မိမိတစ်ဦးတည်းဖြင့် ယှဉ်ပြိုင်ရောင်းဝယ်ရန်ခက်ခဲသည့်အခါတွင် အခြားလုပ်ငန်းတူ၊ ရည်ရွယ်ချက်တူသူချင်းပေါင်းစည်းပြီး အစုအဖွဲ့များ၊ ကုမ္ပဏီများထူထောင်ပြီး ကြီးမားသောပြိုင်ဘက်ကို ယှဉ်ပြိုင်ကြရသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးမည်

**ကျွန်းလှ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၉၄၉၂ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၄၀၉၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၇၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်း၊ ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင်လည်း မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်က ကျွန်းလှမြို့နယ်မှာ မိုးစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးမှုတိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးတို့ကို စိုက်ပျိုးကြကြောင်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကိုတွေ့ရစဉ်။

# သပိတ်ကျင်းမြို့နယ်တွင် VDP စီမံကိန်းကျေးရွာရွေးချယ်ပွဲကျင်းပ

**သပိတ်ကျင်း မေ ၁၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာပေါင်း ၇၀ ရှိပြီး မြို့နယ်လုံးကျွတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ၏ ရည်ရွယ်ချက်များ၊ စီမံကိန်းကျေးရွာ ရွေးချယ်ရာတွင် အခြေခံရမည့်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အဆိုပြုလိုသော ကျေးရွာများကို ဆွေးနွေးတင်ပြကြပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကျောက်လှည်းဘီးကျေးရွာကို အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်လှည်းဘီးကျေးရွာသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ပေးရန်လိုအပ်သည့်အတွက် ယခုကဲ့သို့ ရွေးချယ်ပေးရခြင်းဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**အေးသူ**

# ရွှေချိုးကူသံ

\- မိုးရွာခဲ့ပြီ
ကောင်းကင်ဆီဝယ် တိမ်ရိုညို့မှိုင်း
လေရိုင်းသက်ဆင်း မိုးတစ်သင်းတို့
သွန်းရင်းကာသာ ရွာချ၏။

\- ထိုချိန်အခါ
ဝေဆာပန်းပေါင်း မိုးရေလောင်းသော်
ခမောင်းပွင့်ငုံ မွှေးပျံ့ထုံ၍
ပင်စုံရွက်စိမ်း မြရည်လိမ်းကာ
ငြိမ်းအေးလှပ နေလေ၏။

\- ဝလာတစ်ခွင်
တွင်ကျယ်ကျက်စား ကျေးငှက်သားရဲ
အားမာန်ခဲသည် မြုံသိုက်တည်ကာ
အော်မြည်သံထူး တူပျော်မြူး၏။

\- မိုးပဇ္ဇုန်လျှင်
ဝသုန်ဣမြေ စိမ်းလန်းစေ၍
ဆန်ရေစပါး တိုးပွားသီးနှံ
အလျှံပယ်အောင် တိမ်တောင်တိမ်လွှာ
ရွာသွန်းပါ၏။

\- တာတမံတည်
ရေကြည်ဖြိုးမောက် ဆည်ရေသောက်၍
ငါးကောက်ဗျိုင်းဖြူ ဖမ်းယူစားကြ
အစာဝ၍ စိမ်းမြလယ်ပြင်
စပါးပင်တို့ ယှက်တင်ယိမ်းနွဲ့
ကခုန်ကဲ့သို့ ညင်းသွဲ့လေအေး
ကြာညိုမွှေးနှင့် တဲလေးယိုင်ထိုး
ယာခရိုးဝယ်
ရွှေချိုးကူသံ သာပြီလေ။ ။

**အောင်နိုင်(တောင်ကုတ်)**

# ကြံခင်းမြို့နယ် ဝဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြံခင်း မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို မေ ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အတိုး၊ အရင်းငွေများ ပေးသွင်းကြရန် မှာကြားသည်။

ကြံခင်းမြို့နယ် ဝဲကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၈၈ ဦးကို ငွေကျပ် ၄၀ ဒသမ ၂၅ သန်း ထုတ်ချေးထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံသာ**

## နိုင်ငံတကာ သတင်းများ

# ကာနာတကာပြည်နယ် လွှတ်တော်ရွေးကောက်ပွဲ၌ ကွန်ဂရက်ပါတီအနိုင်ရရန် အလားအလာများ

**ဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် လွှတ်တော်ရွေးကောက်ပွဲများ၌ ကွန်ဂရက်ပါတီ အနိုင်ရရှိရန် အလားအလာများနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့ကျင်းပခဲ့သည့် ကာနာတာကာပြည်နယ် လွှတ်တော်ရွေးကောက်ပွဲသည် ယခုနှစ်အတွင်းကျင်းပမည့်အရေးကြီးသော ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲငါးပွဲအနက် ပထမဆုံးရွေးကောက်ပွဲဖြစ်သည်။

ကာနာတာကာ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများတွင် လက်ရှိအာဏာရ ဘာရာတီယာဂျနေတာပါတီ (ဘီဂျေပီ) ရှုံးနိမ့်၍ ကွန်ဂရက်ပါတီ နိုင်ခြေများနေကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကာနာတာကာ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ရလဒ်သည်အိန္ဒိယနိုင်ငံ၏ အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဂရက်ပါတီအတွက် ၂၀၂၄ ခုနှစ် အမျိုးသားရွေးကောက်ပွဲများမတိုင်မီ ရယူနိုင်ခဲ့သည့် နိုင်ငံရေးအောင်ပွဲတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

ကာနာတာကာ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲသည် ကွန်ဂရက်ပါတီ ခေါင်းဆောင် ရာဟူးလ်ဂန္ဒီအသရေဖျက်မှုစွဲချက်ဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီးနောက်ပိုင်း ကွန်ဂရက်ပါတီနှင့် ဘီဂျေပီကြား ပထမဆုံးအားပြိုင်ပွဲလည်းဖြစ်သည်။

အိန္ဒိယမီဒီယာများ၏အဆိုအရ ကာနာတာကာပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာ ၂၂၄ နေရာအနက် နေရာ ၁၃၀ ခန့်ကို ကွန်ဂရက်ပါတီက ရယူထားနိုင်ပြီး ဘီဂျေပီကမူ ၆၅နေရာခန့်သာ ရယူထားနိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO

# ဘရာဇီးငါးဖမ်းသင်္ဘောပေါ်မှ ကိုကင်း ၁ ဒသမ ၅ တန်ကို စပိန်တာဝန်ရှိသူများ ဖမ်းဆီးသိမ်းယူ

**မက်ဒရစ် မေ ၁၃**

ဘရာဇီး အလံတင်ထားသည့် ငါးဖမ်းသင်္ဘောတစ်စီးပေါ်မှ ကိုကင်း ၁ ဒသမ ၅ တန်ကို စပိန်တာဝန်ရှိသူများက ကနေဒါကျွန်းစုကမ်းလွန်၌ မေ ၁၂ ရက်တွင် ဖမ်းဆီးသိမ်းယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အက်ဖ်ဖီဆီယော့ခ် ၅-၂၀ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဘရာဇီး ငါးဖမ်းသင်္ဘော၏ စက်ခန်းတစ်ခုထဲ၌ ကိုကင်းများကို ထည့်သွင်းသယ်ယူလာခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများနှင့်အတူ ဘရာဇီးနိုင်ငံသားငါးဦးနှင့် ဗင်နီဇွဲလားနိုင်ငံသားတစ်ဦးကိုလည်း စပိန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

လက်တင်အမေရိကမှ မူးယစ်ဆေးဝါးများ သယ်ယူလာသည့် သင်္ဘောများသည် ယင်းမူးယစ်ဆေးဝါးများကို အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အလယ်တွင်အခြားရေယာဉ်များပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ ဥရောပဈေးကွက်သို့ ပို့ဆောင်တတ်ကြကြောင်း သိရသည်။


အက်ဖ်ဖီဆီယော့ခ် ၅-၂၀ငါးဖမ်းသင်္ဘောသည် ကနေဒါကျွန်းစုနှင့်အနီး ကပ်မောင်းနှင်နေစဉ် စပိန်ရဲတပ်ဖွဲ့က ကြားဖြတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ကနေဒါကျွန်းစုသည် အာဖရိကအနောက်မြောက် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း တည်ရှိသည့် စပိန်နိုင်ငံပိုင် ကျွန်းဖြစ်ကြောင်း သိရသည်။

KKO



# တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရယူရေး ဆွေးနွေးပွဲများစတင်ရန် ဟွန်ဒူးရပ်စ်နိုင်ငံစီစဉ်



**တီဂူစီဂယ်လ်ပါ မေ ၁၃**

ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ရယူရေးအတွက် တရုတ်နိုင်ငံနှင့်ဆွေးနွေးမှုများကို မကြာမီကာလအတွင်းစတင်ရန်ဟွန်ဒူးရပ်စ်နိုင်ငံကစီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံနှင့်လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးရေး ဆွေးနွေးပွဲများကို မကြာမီကာလအတွင်း စတင်မည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး အက်ဝါဒို အင်ရီကေးရိုင်နာက သတင်းစာရှင်းလင်းပွဲတစ်ခု၌ အတည်ပြုပြောကြားထားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် ယခုနှစ် မတ်လအတွင်းတရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အဆံဖြတ်တောက်၍ တရုတ်ပြည်မကြီးနှင့် တရားဝင်သံတမန်ဆက်ဆံရေး စတင်ထားရှိခဲ့သည်။

တရုတ်ဈေးကွက် အတွင်းသို့ ပထမဆုံးဝင်ရောက်မည့် ဟွန်ဒူးရပ်စ်ပို့ကုန်သည် ကော်ဖီဖြစ်လိမ့်မည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် ဗဟိုအမေရိကဒေသ၌ ကော်ဖီအဓိကစိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံကို ဟွန်ဒူးရပ်စ်အမဲသားနှင့် ငှက်ပျောသီးများလည်းတင်သွင်းရန် စိတ်ဝင်စားနေသည်ဟု ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# ပင်လယ်ကွေ့၌ အမေရိကန်စစ်ဘက်က ကာကွယ်ရေးအရနေရာယူမှုမြှင့်တင်ရန် စီစဉ်

**ဝါရှင်တန် မေ ၁၃**



ပြီးခဲ့သည့်လများအတွင်း အီရန်စစ်ဘက်က ရေနံတင်သင်္ဘောများနှင့်ကုန်တင်သင်္ဘောများကို ဖမ်းဆီးခြင်း၊ အနှောင့်အယှက်ပေးခြင်းများပြုလုပ်ခဲ့ပြီးနောက် ပါရှန်ပင်လယ်ကွေ့ဒေသ၌ ကာကွယ်ရေးအရနေရာယူထားမှုမြှင့်တင်ရန် အမေရိကန်စစ်ဘက်က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ပါရှန်ပင်လယ်ကွေ့ဒေသ၌အမေရိကန်စစ်ဘက်၏ ကာကွယ်ရေးအရနေရာယူနိုင်မှုကို မြှင့်တင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနက စီစဉ်နေကြောင်း အမေရိကန်အစိုးရပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်နှစ်အတွင်းအီရန်စစ်ဘက်သည် ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားတို့၌ နိုင်ငံတကာရေနံတင်နှင့် ကုန်တင်သင်္ဘော ၁၅ စီးကို တိုက်ခိုက်ခြင်း၊ အနှောင့်အယှက် ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက စွပ်စွဲထားသည်။

လာမည့် ရက်သတ္တပတ်များအတွင်း အမေရိကန်စစ်ဘက်အနေဖြင့် ဟော်မုဇ်ရေလက်ကြားအတွင်း၌ မဟာမိတ်များနှင့် ပူးပေါင်းလှုပ်ရှားနိုင်ရန် ကြိုးစားမည်ဖြစ်ကြောင်း ဂျွန်ကာဘီက ပြောကြားခဲ့သည်။

အီရန်စစ်ဘက်သည် ယခုလအစောပိုင်းမှာပင် ပင်လယ်ကွေ့ရေပြင်များအတွင်း ရေနံတင်သင်္ဘောနှစ်စီးကို ဖမ်းဆီးသိမ်းယူခဲ့သည်။

ဟော်မုဇ် ရေလက်ကြားသည် ကမ္ဘာ့ဈေးကွက်အတွင်းသို့ဝင်ရောက်နေသည့် ရေနံပို့ကုန်ပမာဏ၏ ငါးပုံ တစ်ပုံ ဖြတ်သန်းနေသောရေလမ်းကြောင်း ဖြစ်ကြောင်း သိရသည်။

KKO

# အစ္စလာမ်မာဘာတ်တရားရုံးချုပ်က ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ရက်သတ္တနှစ်ပတ်အာမခံဖြင့်ပြန်လွှတ်ပေးရန် ညွှန်ကြား

**အစ္စလာမ်မာဘာတ် မေ ၁၃**

အဂတိလိုက်စားမှု စွဲချက်ဖြင့် ဖမ်းဆီးခံထားရသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို ရက်သတ္တနှစ်ပတ် အာမခံဖြင့် ပြန်လွှတ်ပေးရန်အစ္စလာမ်မာဘာတ်တရားရုံးချုပ်က ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက မေ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

တရားရုံးချုပ်က အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ပြီးနောက် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် လာဟိုမြို့သို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းကို ဖမ်းဆီးမှုမှာ ဥပဒေနှင့်မညီကြောင်း ပါကစ္စတန်တရားလွှတ်တော်ချုပ်က စီရင်ချက်ချမှတ်ခဲ့ပြီး တစ်ရက်အကြာတွင် ရက်သတ္တနှစ်ပတ်အာမခံဖြင့် ပြန်လည်လွှတ်မြောက်လာခြင်းဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်းကို ပါကစ္စတန်ရဲတပ်ဖွဲ့က မေ ၉ ရက်က အစ္စလာမ်မာဘာတ်မြို့ တရားရုံးအတွင်းမှာပင် အဂတိလိုက်စားမှုစွဲချက်ဖြင့် ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။

အသက် ၇၄ နှစ်ရှိ အီမရန်ခန်းသည် လွှတ်တော်၏အယုံအကြည်မရှိအဆိုဖြင့် ၂၀၂၂ ခုနှစ်အတွင်း ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် စွဲချက်အများအပြားနှင့် ရင်ဆိုင်နေရသည်။

မေ ၉ ရက်တွင် အီမရန်ခန်း ဖမ်းဆီးခံခဲ့ရပြီးနောက် ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီမရန်ခန်း ထောက်ခံသူများကြားအဓိကရုဏ်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

KKO

# ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဘယ်လိုဖန်တီးကြမလဲ

ကိုငြိမ်းငယ် (ကျွန်းခေါင့်)

လူသားအားလုံးသည် လူ့ပတ်ဝန်းကျင်ထဲတွင် မွေးဖွားလာပြီး လူ့ပတ်ဝန်းကျင်ထဲတွင် ကြီးပြင်းကြရသည်မှာ သဘာဝပင်ဖြစ်သည်။ လူသားတစ်ယောက်ဟူ၍ ဖြစ်လာပါက ပတ်ဝန်းကျင်နှင့်ကင်းကွာပြီး နေထိုင်၍မရပေ။ ထို့ကြောင့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုနှင့် ပုံသွင်းမှုတို့ကို အနည်းနှင့်အများဆိုသလို ခံကြရပါသည်။ အထူးသဖြင့် လန်းဆန်းတက်ကြွပြီး ငယ်ရွယ်နုပျိုသောလူငယ်များသည် ပတ်ဝန်းကျင်အပေါ်တွင် စိတ်ဝင်တစားနှင့် စူးစမ်းလေ့လာကြသည်မှာလည်း သဘာဝပင်ဖြစ်သည်။

ယနေ့ခေတ်တွင် လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ လူ့ပတ်ဝန်းကျင်၌ အဖွဲ့အစည်းများလည်း တိုးပွားလာကြသည်။ ထို့ကြောင့် အပေါင်းအသင်းများ၊ မိတ်ဆွေများနှင့် လူမှုဆက်ဆံရေးကဏ္ဍများလည်း ပိုမိုကျယ်ပြန့်လာပေသည်။ လူမှုဘဝတွင် ရပ်တည်ရှင်သန်ရေးနှင့် အောင်မြင်ရေးတို့အတွက် မိတ်ဆွေများ၊ အပေါင်းအသင်းများ၏ ဆက်ဆံရေးကဏ္ဍသည် အလွန်အရေးကြီးလှပေသည်။ ထို့ကြောင့် လူမှုဆက်ဆံရေးတွင် လူသားများအနေဖြင့် အပေါင်းအသင်းမိတ်ဆွေများနှင့် မည်သို့ပေါင်းသင်းဆက်ဆံကြရမည်ကို သိရှိနားလည်ပြီး လက်တွေ့အသုံးချတတ်ရန် လိုအပ်သည်။

ပတ်ဝန်းကျင်မှ မိတ်ဆွေများကို ရွေးချယ်ပေါင်းသင်းကြရာတွင် နိမ့်ကျသူနှင့်လည်း မိတ်ဆွေဖွဲ့ပြီး ပေါင်းသင်းတတ်ရမည်ဖြစ်သည်။ နိမ့်ကျသူဆိုသည်မှာ ဘဝပေးအခြေအနေအရ အသိပညာ၊ အတတ်ပညာများကို သင်ယူခွင့်မရကြသူများနှင့် လူမှုရေး၊ စီးပွားရေးတို့တွင် မိမိလောက် အဆင်မပြေကြသူများကို ရည်ရွယ်ခြင်းဖြစ်ပေသည်။ နိမ့်ကျသူများအပေါ်တွင် ကြင်နာသနားတတ်ရန်နှင့် မေတ္တာစိတ်ဖြင့် ညွှန်ပြနိုင်ရေးတို့အတွက် အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့သင့်ပါသည်။

ထို့ပြင် မိမိထက်ကြီးမြင့်သူများနှင့်လည်း အပေါင်းအသင်း၊ မိတ်ဆွေများဖွဲ့ကြရမည်ဖြစ်သည်။ မိမိထက် အစစအရာရာသာလွန်ပြီး အောင်မြင်နေကြသူများ၊ ကြီးမြင့်သူများနှင့် မိတ်ဆွေဖွဲ့ရာတွင် မနာလိုဖြစ်ရန်မဟုတ်ပေ။ အတုယူပြီး ကြိုးစားအားထုတ်နိုင်ကြရန်သာဖြစ်သည်။ အောင်မြင်သူများဆီမှ လေးစားအတုယူစရာကောင်းသောအချက်များကို အတုယူရင်းဖြင့် မိမိ၏လိုအပ်ချက်၊ အားနည်းချက်များကို သုံးသပ်ပြုပြင်ကြရပါမည်။

ထို့ပြင် မိမိနှင့် အသိပညာ၊ အတတ်ပညာတူညီသော သို့မဟုတ် လုပ်ငန်းရည်ရွယ်ချက်တူညီသောသူနှင့်လည်း အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ကြရပေမည်။ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ အတူတူလျှောက်လှမ်းနေကြသော လူသားအချင်းချင်း ငြင်းခုံနေကြရန်၊ တိုက်ခိုက်နေကြရန်မဟုတ်ပေ။ ကြုံတွေ့လာသော အခက်အခဲ၊ ပြဿနာများကို အတူတူပူးပေါင်း၍ ဖြေရှင်းနိုင်ရန်ဖြစ်ပေသည်။ အောင်မြင်မှုရရှိရန် ကြိုးစားနေချိန်တွင် မိမိတို့၏လိုအပ်ချက်များ၊ အားနည်းချက်များကို အချင်းချင်း ဆွေးနွေးတိုင်ပင် အဖြေရှာကြရင်း အောင်မြင်မှုလမ်းကို အတူတူလျှောက်လှမ်းကြရပေမည်။ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြခြင်းဖြင့် ရရှိလိုသောအောင်မြင်မှုများကို ရှာဖွေတွေ့ရှိနိုင်ကြပေမည်။ အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ခြင်းနှင့်ပတ်သက်၍ ထားရှိသင့်သည့်စိတ်သဘောထားများကို ပညာရှိများက ညွှန်ပြထားပါသည်။ ထိုညွှန်ပြချက်များသည် ပတ်ဝန်းကျင်ကောင်းတစ်ခုကိုရရှိစေရန် မိမိအနေဖြင့် ဖန်တီးပြုလုပ်နိုင်သော အချက်များလည်းဖြစ်သည်။

**အရေးကြီးသော စိတ်သဘောထားနှင့် ခံယူချက်များ**

ပတ်ဝန်းကျင်ကောင်းနှင့် ပတ်ဝန်းကျင်ဆိုးကို ဖန်တီးယူရာတွင် မိမိတို့အပေါ် များစွာမူတည်ပါသည်။ မိမိအနေဖြင့် ပတ်ဝန်းကျင်အပေါ်တွင်ထားရှိသော သဘောထားအမြင်များသည် အလွန်အရေးကြီးပါသည်။ မိမိ၏သဘောထားအမြင် မကောင်းပါက ပတ်ဝန်းကျင်မှရရှိမည့် တုံ့ပြန်မှုသဘောထားသည်လည်း ကောင်းမည်မဟုတ်ပေ။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဖြစ်ရပ်တစ်ခုကို ဖော်ပြလိုက်ပါသည်။ တစ်ခုသောနံနက်ခင်းတွင် အဘိုးအိုတစ်ဦးသည် နွေးထွေးသောနေရောင်ခြည်ရရှိရန် လမ်းလျှောက်ထွက်လာခဲ့သည်။ ထိုအချိန်တွင် လမ်းပေါ်ရှိကားတစ်စီးထဲမှ လူငယ်တစ်ဦးထွက်လာပြီး သူပြောင်းရွှေ့လာသောမြို့တော်အသစ်ကို မည်သည့်လမ်းကသွားရမလဲဟု မေးမြန်းခဲ့သည်။ အဘိုးအိုကလည်း သွားရမည့်လမ်းခရီးကို ပြောပြပါသည်။ ထို့နောက် အဘိုးအိုက လူငယ်နေထိုင်ခဲ့သော မြို့၏ပတ်ဝန်းကျင်အကြောင်းကို မေးမြန်းကြည့်လိုက်သည်။ ထိုအခါ လူငယ်က သူယခင်နေခဲ့သောမြို့မှာစုတ်ချာနေကြောင်း၊ လူများကလည်း ရိုင်းစိုင်းပြီး ဆက်ဆံရေးညံ့ဖျင်းကြကြောင်း စသည့် ပတ်ဝန်းကျင်မကောင်းကြောင်းများကို ပြောပြသည်။ လူငယ် ပြောင်းရွှေ့ပြီးနေထိုင်မည့်မြို့တော်အသစ်သည်လည်း ယခင်မြို့၏ ပတ်ဝန်းကျင်လိုပင် ဖြစ်နေလိမ့်မည်ဟု အဘိုးအိုက မှတ်ချက်ပေးခဲ့သည်။ ထိုလူငယ်လည်း အဘိုးအိုကို နှုတ်ဆက်ပြီး ထွက်ခွာသွားလေသည်။

ထို့နောက် အဘိုးအိုအနားသို့ နောက်ထပ်ကားတစ်စီး ရောက်ရှိလာခဲ့သည်။ ကားမောင်းသူမှာ မိန်းကလေးတစ်ဦးဖြစ်သည်။ သူသည် အဘိုးအိုကို ရင်းနှီးဖော်ရွေစွာပြုံးပြနှုတ်ဆက်ပြီး မြို့တော်အသစ်ကို မည်သို့သွားရမလဲဟု မေးမြန်းလေသည်။ အဘိုးအိုကလည်း သွားရမည့်လမ်းခရီးကို ပြောပြပေးပါသည်။ ထို့နောက် အဘိုးအိုက မိန်းကလေးနေထိုင်ခဲ့သော မြို့၏ပတ်ဝန်းကျင်အကြောင်းကို မေးမြန်းကြည့်သည်။ မိန်းကလေးက သူနေထိုင်ခဲ့ရသောမြို့မှာ နေထိုင်၍ကောင်းသောဒေသဖြစ်ကြောင်း၊ ပျော်ရွှင်စရာကောင်းကြောင်း၊ မြို့သူမြို့သားများကလည်း လူမှုဆက်ဆံရေးဖော်ရွေကြကြောင်းတို့ကို ဝမ်းသာအားရ ပြောပြပါသည်။ ထိုအခါ အဘိုးအိုက မိန်းကလေး နေထိုင်မည့် မြို့တော်အသစ်သည်လည်း ယခင်မြို့လိုပင် အေးချမ်းသာယာပျော်ရွှင်ရမည်ဖြစ်ကြောင်း မှတ်ချက်ပေးလိုက်ပါသည်။

ထိုဖြစ်ရပ်နှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် မြို့တော်အသစ်သည် တူညီနေပါသည်။ သို့သော် တူညီသောမြို့မှာပင် နေထိုင်ကြရမည့် လူနှစ်ဦး၏သဘောထားအမြင်များ ကွဲပြားခြားနားခြင်းကြောင့် အကျိုးရလဒ်များမှာလည်း မတူညီနိုင်တော့ပေ။ ထိုအချက်များကို ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် လူ့လောက၏ ပတ်ဝန်းကျင်သည် ကြေးမုံပြင်နှင့်တူသည်ကို တွေ့ရမည်ဖြစ်သည်။ မိမိခံယူထားရှိသော သဘောထားနှင့် အမြင်များအတိုင်း ပတ်ဝန်းကျင်သည် ရောင်ပြန်ဟပ်မည်ဖြစ်သည်။ အဓိကအနေဖြင့် ယနေ့လူငယ်များ၏ ပတ်ဝန်းကျင်တွင်လည်း ကောင်းသောပတ်ဝန်းကျင်နှင့် ဆိုးသောပတ်ဝန်းကျင်တို့က ဒွန်တွဲရှိနေပါသည်။ လူငယ်များအနေဖြင့် အရွယ်ရောက်လာသောအခါ အောင်မြင်မှုများရရှိပြီး လူသားအကျိုးပြုသောသူများဖြစ်လာကြစေရန် ပတ်ဝန်းကျင်ကောင်းလိုအပ်ပါသည်။ ဘဝအောင်မြင်ရေးနိယာမများအရ အံ့သြစရာကောင်းသည်မှာ ပတ်ဝန်းကျင်ကောင်းတစ်ခုကို အထူးရှာဖွေနေစရာမလိုပေ။ ပတ်ဝန်းကျင်ကောင်းတစ်ခုကို မိမိတို့ကိုယ်တိုင်ဖန်တီးပြီး ရယူနိုင်ပေသည်။

**ပတ်ဝန်းကျင်ကောင်းကို ဖန်တီးခြင်း**

အဓိကအနေဖြင့် အောင်မြင်ကြသူများနှင့် မိတ်ဆွေ၊ သူငယ်ချင်းဖွဲ့ပြီး ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးရယူကြရန်ပင်ဖြစ်သည်။ အောင်မြင်ကြသူများအကြောင်း ရေးသားထားသော အတ္ထုပ္ပတ္တိစာအုပ်များ၊ ၎င်းတို့၏ဟောပြောချက်များနှင့် အကြံပြုချက်များကို ဖတ်ရှုခြင်း၊ အင်တာနက်မှ ရှာဖွေလေ့လာခြင်းတို့ဖြင့် ၎င်းတို့၏ မိတ်ဆွေ၊ သူငယ်ချင်းများအဖြစ် ခံယူနိုင်ပေသည်။

အောင်မြင်ကြသူများ၏ ဟောပြောချက်များ၊ အကြံပြုချက်များကို လူငယ်များ၏ လက်တွေ့ဘဝနှင့် ပေါင်းစပ်ပြီး ကြုံတွေ့လာနိုင်သော ဘဝအခက်အခဲများကိုရင်ဆိုင်ရာ၌ နည်းလမ်းကောင်းများ ရရှိနိုင်ပါသည်။ ထို့ကြောင့် လူငယ်များနှင့် မိတ်ဆွေ၊ သူငယ်ချင်းဖြစ်သင့်သော အောင်မြင်ကြသူတချို့နှင့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ရန် လမ်းစရှာပေးလိုက်ပါသည်။

၁။ ဂျက်မား- သူသည် တရုတ်နိုင်ငံမှ အလီဘာဘာကုမ္ပဏီကို ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည်။

၂။ ဘီလ်ဂိတ်- သူသည် Microsoft ဆော့ဖ်ဝဲကိုတီထွင်သူ ဘီလျံနာသူဌေးကြီးဖြစ်သည်။

၃။ မာ့ခ်ဇူကာဘတ်- သူသည် ယနေ့ အသုံးပြုနေသော Facebook ကိုတီထွင်သူ ဘီလျံနာသူဌေးကြီးဖြစ်သည်။

၄။ အီလွန်မတ်ခ် - သူသည် အာကာသဒုံးပျံယာဉ်၊ လျှပ်စစ်ကားတို့ကို တီထွင်သူ သိပ္ပံပညာရှင် ဘီလျံနာသူဌေးကြီးဖြစ်သည်။

ထိုပုဂ္ဂိုလ်တို့ကဲ့သို့မဟုတ်သော်လည်း ယနေ့လူငယ်တို့၏ပတ်ဝန်းကျင်တွင် လူမှုရေး၌ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေး၌ဖြစ်စေ၊ စီးပွားရေး၌ဖြစ်စေ ကဏ္ဍအမျိုးမျိုးတွင် အောင်မြင်နေကြသူများရှိပေလိမ့်မည်။ ၎င်းတို့နှင့် မိတ်ဆွေ၊ သူငယ်ချင်းဖွဲ့ပြီး ၎င်းတို့လိုကြိုးစားမည်ဆိုလျှင် လူငယ်များလည်း အောင်မြင်မှုများ ရရှိနိုင်ပါသည်။ အကယ်၍ မအောင်မြင်ခဲ့သည့်တိုင် လူငယ်များအတွက် အကျိုးကျေးဇူးတစ်စုံတစ်ခုကို ရရှိမည်မှာအမှန်ပင်ဖြစ်သည်။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီးသော အောင်မြင်ကြသူများအကြောင်း ရေးသားထားသည့် အတ္ထုပ္ပတ္တိစာအုပ်များ၊ ၎င်းတို့၏ ဟောပြောချက်များ၊ အကြံပြုချက်များနှင့် ညွှန်ပြချက်များကို ဖတ်ရှုလေ့လာခြင်း၊ မိမိဘဝတိုးတက်ရေးအတွက် စာပေဗဟုသုတများကို အင်တာနက်မှ ရှာဖွေလေ့လာ၍ လိုက်နာကျင့်သုံးခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အောင်မြင်ကြသူများနှင့် ပေါင်းသင်းဆက်ဆံနေရသကဲ့သို့ဖြစ်သောကြောင့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးရယူနေခြင်းဟုလည်း ဆိုနိုင်ပါသည်။

အထူးသဖြင့် အင်တာနက်မှဂိမ်းများကိုသာ ကစားနေကြသော အချို့လူငယ်များ၊ Facebook နှင့် Social Media များကို ရောက်တတ်ရာရာအသုံးပြုနေကြသော အချို့လူငယ်များနှင့်နှိုင်းယှဉ်လျှင် အောင်မြင်ကြသူများကိုလေ့လာပြီး ကြိုးစားနေသောလူငယ်များက အခွင့်အလမ်းကောင်းများစွာကို ပို၍ရရှိကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အောင်မြင်ကြသူများနှင့်အတူ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ကိုယ်တိုင်ဖန်တီး၍ တည်ဆောက်ကြရမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးမည်ဆိုလျှင် မိမိကိုယ်တိုင်သည်လည်း လူအများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုအနေဖြင့် ရှိနေစေရန် လိုအပ်ပါသည်။ မိမိကိုယ်တိုင်က သူတစ်ပါးအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်စေရန် ဘယ်လိုဖန်တီးကြမည်၊ ဘယ်လိုကြိုးစားကြမည်ကိုမူ ကျွန်ုပ်တို့ တစ်ဦးချင်းစီက နည်းလမ်းရှာဖွေကြရမည်ဖြစ်သကဲ့သို့ လက်တွေ့တွင်လည်း ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**❖ အောင်မြင်မှုရရှိရန် ကြိုးစားနေချိန်တွင် မိမိတို့၏လိုအပ်ချက်များ၊ အားနည်းချက်များကို အချင်းချင်း ဆွေးနွေးတိုင်ပင်အဖြေရှာကြရင်း အောင်မြင်မှုလမ်းကို အတူတူလျှောက်လှမ်းကြရပေမည်။ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြခြင်းဖြင့် ရရှိလိုသောအောင်မြင်မှုများကို ရှာဖွေတွေ့ရှိနိုင်ကြပေမည်။ အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ခြင်းနှင့်ပတ်သက်၍ ထားရှိသင့်သည့်စိတ်သဘောထားများကို ပညာရှိများက ညွှန်ပြထားပါသည်။ ထိုညွှန်ပြချက်များသည် ပတ်ဝန်းကျင်ကောင်းတစ်ခုကိုရရှိစေရန် မိမိအနေဖြင့် ဖန်တီးပြုလုပ်နိုင်သော အချက်များလည်းဖြစ်သည်။ ❖**

**ကိုးကား**

- Kyaw Thu (Leading Consultant)၏

**အောင်စိတ်မွေးဖွား အားပေးစကားစာအုပ်**

## ဆင်ပေါင်ဝဲမြို့နယ် အင်းကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆင်ပေါင်ဝဲ မေ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် အင်းကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၂ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ အင်းကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ အင်းကြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ငွေကျပ် ၅၃၅ သိန်း ထုတ်ချေးပေးထားကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**သူသူ**

## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို အစ္စတန်ဘူလ်မြို့တွင်သာ ကျင်းပရန် စီစဉ်ထားကြောင်း ယူအီးအက်ဖ်အေ အတည်ပြုပြောကြား




**အစ္စတန်ဘူလ် မေ ၁၃**

တူရကီနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကြောင့် ယခုနှစ်ဘောလုံးရာသီတွင်ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို ပြောင်းရွှေ့ကျင်းပမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါမူလစီစဉ်ထားသည့် အစ္စတန်ဘူလ်မြို့တွင်သာ ကျင်းပသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက တူရကီနိုင်ငံ၌ မေ ၁၄ ရက်တွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲအတွက် လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကြောင့် ယခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့သို့ ပြောင်းရွှေ့ကျင်းပနိုင်ကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ယူအီးအက်ဖ်အေက မူလစီစဉ်ထားသည့် အစ္စတန်ဘူလ်မြို့တွင်သာ ကျင်းပမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌက "အခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကိုတော့ မူလစီစဉ်ထားတဲ့ အစ္စဘူလ်မြို့မှာပဲ ကျင်းပသွားမှာပါ။ ဗိုလ်လုပွဲကိုတော့ လာမဲ့ ဇွန် ၁၀ ရက်မှာ ကျင်းပဖို့ အစီအစဉ်ရေးဆွဲပြီးသားပါ။ တူရကီရဲ့နိုင်ငံရေးအခြေအနေကြောင့် ဗိုလ်လုပွဲမကျင်းပဖို့ သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ ဘောလုံးအဖွဲ့ချုပ်ကလဲ ပြောဆိုဆွေးနွေးခဲ့တာမရှိပါဘူး။ ဒါကြောင့် အရင်အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်မှာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲသည် ဆီမီးဖိုင်နယ်အဆင့်သို့ရောက်ရှိနေပြီး အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်း၊ မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ထိပ်တိုက်တွေ့ဆုံနေကာ အနိုင်ရသည့် အသင်းနှစ်သင်းအနေဖြင့် အစ္စတန်ဘူလ်မြို့ အာတာတက်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ML

# Italian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျိုကိုဗစ် တက်ရောက်

**ရိုးမား မေ ၁၃**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အာဂျင်တီးနား တင်းနစ်ကစားသမား သောမတ်စ်မာတင်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း UPI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ၎င်း၏အစဉ်အလာအတိုင်းပွဲအစပိုင်းတွင် အထနှေးနေခဲ့သည့်အတွက် ပထမပွဲငယ်တွင် tie-break ထိ ကစားခဲ့ပြီး အနိုင်ရရှိခဲ့ကာ ဒုတိယပွဲငယ်တွင် အရှိန်ရလာသည့် ဂျိုကိုဗစ်က ပြတ်သားသည့် ရလဒ်တစ်ခုဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

ဂျိုကိုဗစ်က "ဒုတိယအဆင့်ပွဲစဉ်ဖြစ်တဲ့ သောမတ်စ်နဲ့ပွဲစဉ်မှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပေမဲ့လဲ စွမ်းဆောင်ရည်ပိုင်းက စိတ်ကျေနပ်စရာကောင်းတဲ့ စွမ်းဆောင်ရည်တော့ မဟုတ်ပါဘူး။ ပုံစံကောင်းပြန်ရဖို့ ရုန်းကန်နေရဆဲပါပဲ။ သောမတ်စ်ဟာမြေစေးကွင်းမှာ ရလဒ်တွေပိုကောင်းတဲ့ ကစားသမား တစ်ယောက်ဖြစ်ပါတယ်။ မြေစေးကွင်းအထာကိုပိုပြီးသိတဲ့ ကစားသမားတစ်ယောက်ဖြစ်တဲ့အတွက် မြေစေးကွင်းမှာရင်ဆိုင်ကစားရခက်တဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့လဲ သူ့အနေနဲ့ Unforced error တွေရှိနေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# လာမည့်နွေရာသီ အမေရိကန်ခြေစမ်းပွဲခရီးစဉ်တွင် ဥရောပထိပ်သီးအသင်းခြောက်သင်း ပါဝင်မည်ဟု Sixth Street ကုမ္ပဏီထုတ်ပြန်

**တက္ကဆက် မေ ၁၃**

လာမည့်နွေရာသီ ရာသီအကြိုခြေစမ်းပွဲစဉ်အဖြစ် အမေရိကန် တက္ကဆက်ပြည်နယ်တွင် ပြုလုပ်မည့် Soccer Champion Tour ပြိုင်ပွဲတွင် ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ အာဆင်နယ်၊ မန်ယူ၊ ဂျူဗင်တပ်နှင့် အေစီမီလန်အသင်းတို့ပါဝင်ကြောင်း အဆိုပါပြိုင်ပွဲကို ကြီးမှူးကျင်းပသည့် Sixth Street ကုမ္ပဏီအမှုဆောင်ဥက္ကဋ္ဌ အလန်းဝက်ခ်မန်းက ပြောကြားခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆန်ဖရန်စစ္စကိုမြို့ အခြေစိုက် Sixth Street ကုမ္ပဏီသည် မကြာသေးခင်နှစ်အတွင်းက ဘောလုံးအားကစားတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ရာ စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်း၏ ကွင်းသစ်တည်ဆောက်ရေးတွင် အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့်ဘာစီလိုနာအသင်း၏ ရုပ်သံထုတ်လွှင့်ခွင့် ၂၅ ရာခိုင်နှုန်းတို့ကို ရင်းနှီးမြှုပ်နှံခဲ့ပြီး ယခုအခါ နွေရာသီအကြိုခြေစမ်းပွဲစဉ်အတွက် ဥရောပကလပ်အသင်းများကိုဖိတ်ခေါ်၍ ပြိုင်ပွဲများကျင်းပမည်ဖြစ်ကြောင်း မေ ၁၂ ရက်က အတည်ပြုထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ဥရောပထိပ်သီးအသင်း ခြောက်သင်းပါဝင်သည့် Soccer Champion Tour ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၂ ရက်ထိကျင်းပရန်စီစဉ်ခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် ဘာစီလိုနာအသင်းနှင့်ဂျူဗင်တပ်အသင်း၊ ဇူလိုင် ၂၃ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အေစီမီလန်အသင်း၊ ဇူလိုင် ၂၆ ရက်တွင် အာဆင်နယ်အသင်းနှင့် ဘာစီလိုနာအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်ယူအသင်း၊ ဇူလိုင် ၂၇ ရက်တွင် ဂျူဗင်တပ်အသင်းနှင့် အေစီမီလန်အသင်း၊ ဇူလိုင် ၂၉ ရက်တွင် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း၊ ဩဂုတ် ၁ ရက်တွင် အေစီမီလန်အသင်းနှင့် ဘာစီလိုနာအသင်း၊ ဩဂုတ် ၂ ရက်တွင် ဂျူဗင်တပ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်များယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ရလဒ်

| | | | | |
|---|---|---|---|---|
| လိဒ် | ၂ | - | ၂ | နယူးကာဆယ် |
| အေဗီလာ | ၂ | - | ၁ | စပါး |
| ချဲလ်ဆီး | ၂ | - | ၂ | နော်တင်ဟမ် |
| ပဲလေ့စ် | ၂ | - | ၀ | ဘုန်းမောက် |
| မန်ယူ | ၂ | - | ၀ | ဝုဗ် |
| ဆောက်သမ်တန် | ၀ | - | ၂ | ဖူလ်ဟမ် |

### အီတလီစီးရီးအေ ပွဲစဉ် (၃၅) ရလဒ်

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | ၁ | - | ၀ | အတ္တလန်တာ |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက တောင်ပံကစားသမား ဒမ်ဘီလီကို လာမည့် ၂၀၂၈ ခုနှစ်ထိ ကာလရှည်သက်တမ်းတိုးရန် စီစဉ်နေကြောင်း သိရသည်။
- လီဗာပူးအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်မရလျှင်လည်း ခြေစွမ်းပြကစားသမားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း နည်းပြကလော့ပ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ကစိတ်ဝင်စားနေသည့် လိုက်ပ်ဇစ်အသင်းမှ တောင်ပံကစားသမား အိုလ်မိုကိုခေါ် ယူနိုင်ရန် ဦးဆောင်ထားနိုင်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ML

# ဘာစီလိုနာကစားသမား ဖာရန်တောရက်စ် အေဗီလာအသင်းသို့ပြောင်းရွှေ့ရန် ဆွေးနွေးမှုများပြုလုပ်

**ဘာစီလိုနာ မေ ၁၃**

ဘာစီလိုနာ အသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းကြောင့် အသင်းမှ အဓိက ကစားသမားများကို ရောင်းချရန်စီစဉ်လျက်ရှိရာ ယခုအခါ တောင်ပံကစားသမား ဖာရန်တောရက်စ်ကို ရောင်းချရန်အတွက် ပရီးမီးယားလိဂ်ကလပ် အေဗီလာအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းနှင့်ငြိစွန်းနေသောကြောင့် အသင်းမှအဓိက ကစားသမားအချို့ကို ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး ဖာရန်တောရက်စ်ကို ပြောင်းရွှေ့ကြေးယူရို ၄၅ သန်းဖြင့် ရောင်းချရန်အတွက် အေဗီလာအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

တောင်ပံကစားသမား ဖာရန်တောရက်စ်သည် ထိပ်တန်းအဆင့်ခြေစွမ်းမျိုးပိုင်ဆိုင်ထားသည့်ကစားသမားတစ်ဦး ဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းတွင် ပြိုင်ပွဲစုံ ၁၆ ပွဲသာ ပွဲထွက်ကစားခွင့်ရခဲ့ပြီး နည်းပြဇာဗီလက်အောက်တွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးလာသောကြောင့် ပရီးမီးယားလိဂ်သို့ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး နည်းပြအမ်မရီ၏ အေဗီလာအသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ဘာစီလိုနာအသင်းမှ အားကစားဒါရိုက်တာ အလီမန်နီသည်လည်း ဘောလုံးရာသီကုန်တွင် ဘာစီလိုနာမှထွက်ခွာ၍ အေဗီလာအသင်းသို့ပြောင်းရွှေ့မည်ဖြစ်သောကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် အေဗီလာအသင်း၏ ကစားသမားသစ် ခေါ်ယူမှုများကို ပြုလုပ်ရမည်ဖြစ်သဖြင့် တောင်ပံကစားသမား ဖာရန်တောရက်စ်အနေဖြင့် အေဗီလာအသင်းသို့ ရောက်ရှိရန်သေချာလျက်ရှိကြောင်း သိရသည်။




ML

# အပြောင်းအရွှေ့ဈေးကွက် တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် ဗင်နီစီးယက်နှင့် အမ်ဘာက်ပီတို့ ထိပ်ဆုံးတွင်ရပ်တည်




**လန်ဒန် မေ ၁၃**

CIES Football Observatory က တွက်ချက်ဖော်ပြခဲ့သည့် လက်ရှိဈေးကွက်တန်ကြေးအမြင့်ဆုံး ကစားသမားစာရင်းတွင် မန်စီးတီး အသင်းမှ ဟာလန်းကိုကျော်ဖြတ်ပြီး ရီးရဲလ်မက်ဒရစ်အသင်းမှ ဗင်နီစီးယက်နှင့် ပီအက်စ်ဂျီအသင်းမှ အမ်ဘာက်ပီတို့က ထိပ်ဆုံးတွင် ရပ်တည်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

CIES Football Observatory က ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားကို တွက်ချက်ဖော်ပြခဲ့ရာတွင် ကစားသမားများ၏ လက်ရှိရောက်ရှိနေသည့် အသက်အရွယ်၊ သက်ဆိုင်ရာအသင်းများနှင့် ကျန်ရှိနေသည့် စာချုပ်သက်တမ်း၊ စွမ်းဆောင်ရည်ပိုင်း၊ ခြေစွမ်းပိုင်းတိုးတက်မှုအခြေအနေ၊ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံ၊ သက်ဆိုင်ရာ ကလပ်အသင်းများ၏ အဆင့်အတန်းများကို အခြေခံတွက်ချက်ပြီး ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

CIES Football Observatory က တွက်ချက်ဖော်ပြခဲ့သည့် ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် ဗင်နီစီးယက်နှင့် အမ်ဘာက်ပီတို့က ယူရို သန်း ၂၅၀ စီဖြင့် ထိပ်ဆုံးတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြခြင်းဖြစ်ပြီး စပိန်လာလီဂါမှ ကစားသမားအများစုပါဝင်ခဲ့ကြကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ ဆာကာတစ်ဦးတည်းသာပါဝင်လာခဲ့သည်။

CIES Football Observatory က တွက်ချက်ဖော်ပြခဲ့သည့် ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် အမ်ဘာက်ပီနှင့် ဗင်နီစီးယက်တို့နောက်တွင် ဟာလန်းက ယူရို သန်း ၂၀၀၊ ဒေါ့မွန်အသင်းမှဘယ်လင်ဟမ်က ယူရို သန်း ၂၀၀၊ အာဆင်နယ်အသင်းမှ ဆာကာ၊ ဘာစီလိုနာအသင်းမှ ပက်ဒရီနှင့်ဂါဗီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ရိုဒရီဂိုတို့က ယူရို သန်း ၁၅၀စီဖြင့် အသီးသီးရပ်တည်နေကြောင်း သိရသည်။

STA

# ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာအသင်းက ထိုင်းအသင်းကို ရှုံးနိမ့်



**ရန်ကုန် မေ ၁၃**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် ထိုင်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲစဉ်နှင့်လွဲချော်ခဲ့ကာ တတိယလုပွဲသာ ကစားရတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ထိုင်းအသင်းက ပွဲစကတည်းကခြေစွမ်းပိုင်းအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ပြီး ရရှိသည့်အခွင့်အရေးများကိုအကောင်းဆုံးအသုံးချကာ ပွဲချိန် ၃၇မိနစ်တွင် Poeiphimai က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက် မြန်မာအသင်းကပြန်လည်ဖိအားပေးကစားနိုင်ခဲ့ကာ ချေပဂိုးအတွက် ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းအပြီးတွင် ထိုင်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရရှိခဲ့ကာ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးများသွင်းယူနိုင်ရန် ခက်ခဲခဲ့သော်လည်း ထိုင်းအသင်းကရရှိလာသည့် အခွင့်အရေးကောင်းများကို အသုံးချပြီး ပွဲချိန် ၈၅ မိနစ်တွင် Leon James က ဒုတိယသွင်းဂိုးနှင့် ပွဲချိန် မိနစ် ၉၀ ကျော် နာကျင်အချိန်ပို ခုနစ်မိနစ်တွင် Pokkhao Anan က တတိယသွင်းဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ ထိုင်းအသင်းက မြန်မာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း၊ တတိယလုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာယူ-၂၀ အမျိုးသမီးအသင်းပါဝင်ယှဉ်ပြိုင်မည့် အာရှအမျိုးသမီးယူ-၂၀ ခြေစစ်ပွဲဒုတိယအဆင့်အတွက် ပွဲစဉ်ဇယားထုတ်ပြန်

**ရန်ကုန် မေ ၁၃**

မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ကစားမည့် အာရှအမျိုးသမီးယူ-၂၀ ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စု(ခ) ပွဲစဉ်ဇယားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စု(ခ) တွင် မြန်မာယူ-၂၀ အမျိုးသမီးအသင်းနှင့်အတူ တရုတ်ယူ-၂၀ အမျိုးသမီးအသင်း၊ နီပေါယူ-၂၀ အမျိုးသမီးအသင်းနှင့် တရုတ်(တိုင်ပေ)ယူ-၂၀ အမျိုးသမီးအသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် အုပ်စု(ခ)အုပ်စုပွဲစဉ်များကို မြန်မာစံတော်ချိန် ည ၆ နာရီခွဲတွင် စတင်မည်ဖြစ်ကာ ဇွန် ၆ ရက်တွင် နီပေါယူ-၂၀ အမျိုးသမီးအသင်းနှင့်လည်းကောင်း၊ ဇွန် ၈ ရက်တွင် တရုတ်(တိုင်ပေ)ယူ-၂၀အမျိုးသမီးအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် တရုတ်ယူ-၂၀ အမျိုးသမီးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအားလုံးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲဒုတိယအဆင့်တွင် အုပ်စု(က)နှင့် အုပ်စု(ခ)မှ အုပ်စုပထမနေရာနှင့် ဒုတိယနေရာတွင် ရပ်တည်နိုင်သည့်အသင်းများအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲများအဖြစ် ဥဇဘက်ကစ္စတန်အသင်း၊ ဂျပန်အသင်း၊ မြောက်ကိုရီးယားအသင်း၊ တောင်ကိုရီးယားအသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ချန်ပီယံအိန္ဒိယလက်ဝှေ့မယ် နီတူ ၅၄ ကီလိုဝိတ်တန်းသို့ ပြောင်းရွှေ့ထိုးသတ်မည်

**ဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် IBA Women's World Boxing Championships လက်ဝှေ့ပြိုင်ပွဲတွင် ၄၈ ကီလိုဝိတ်တန်း၌ ရွှေတံဆိပ်ဆုကို ဆွတ်ခူးကာ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သည့် အိန္ဒိယလက်ဝှေ့မယ်နီတူသည် ၅၄ ကီလိုဝိတ်တန်းသို့ ပြောင်းရွှေ့ထိုးသတ် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Hindustantimes သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နီတူသည် ၅၄ ကီလိုဝိတ်တန်းတွင် ရွှေ့ပြောင်းထိုးသတ်ရန်အတွက် အိန္ဒိယနေရှင်နယ်လက်ဝှေ့လေ့ကျင့်ရေးစခန်းတွင် စမ်းသပ်မှုအောင်မြင်ခဲ့ပြီးနောက် နီတူကို အိန္ဒိလက်ဝှေ့ဖက်ဒရေးရှင်းက ၅၄ ကီလိုဝိတ်တန်းတွင် ရွှေ့ပြောင်းထိုးသတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်း၏မူဝါဒအရ ပြည်တွင်းလက်ဝှေ့သမားများအနေဖြင့် ဝိတ်တန်းတစ်ခုမှတစ်ခုသို့ တိုးမြှင့်ရွှေ့ပြောင်းလိုပါက ရွှေ့ပြောင်းထိုးသတ်လိုသည့် ဝိတ်တန်းအတွက် လေ့ကျင့်ရေးစခန်းတွင် စမ်းသပ်မှုခံယူရမည်ဖြစ်ပြီး စမ်းသပ်မှုအောင်မြင်မှသာ ရွှေ့ပြောင်း ထိုးသတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်ရေးစခန်းတွင် ၅၄ ကီလိုဝိတ်တန်းသို့ ရွှေ့ပြောင်းလိုသော လက်ဝှေ့သမားများ၊ ၅၄ ကီလိုဝိတ်တန်းတွင် ထိုးသတ်နေသောလက်ဝှေ့မယ်များဖြင့် အဆင့်လိုက်ယှဉ်ပြိုင်ထိုးသတ်ရပြီး နီတူသည် ဒီယာပါဝါနှင့် ဆက်ရှိချောက်ဟာရီတို့ကိုအနိုင်ထိုးသတ်ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး နောက်ဆုံးဖိုင်နယ်ပွဲစဉ်အဖြစ် ဂူလီယာနှင့် ထိုးသတ်ရမည်ဖြစ်သော်လည်း ယင်းစိန်ခေါ်ပွဲကို အိန္ဒိယ လက်ဝှေ့ဖက်ဒရေးရှင်းက ဖျက်သိမ်းခဲ့သည်။

မူဝါဒအရ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည့် လက်ဝှေ့သမားများမှာ ရွှေ့ပြောင်းလိုသည့် ကီလိုဝိတ်တန်းသို့ ရွှေ့ပြောင်းခွင့်ရပြီဖြစ်သည့်အတွက် ဗိုလ်လုပွဲစဉ်ကို ထိုးသတ်ခွင့်မပြုတော့ခြင်းဖြစ်သည်ဟု အိန္ဒိယလက်ဝှေ့ဖက်ဒရေးရှင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# AT&T Byron Nelson ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာ ဦးဆောင်

**တက္ကဆက် မေ ၁၃**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် AT&T Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါဂေါက်သီးရိုက်ကစားသမား မက်ကင်ဇီနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ပယ်မာတို့က သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာအနေဖြင့် စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်လွှဲပြောင်းရယူနိုင်ရေးအတွက် ပစ်မှတ်ထားနေပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ပါက ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်စိန်ခေါ်နိုင်မည် ဖြစ်သည့်အတွက် ပထမနေ့တွင် အကောင်းဆုံးကြိုးစားသွားခဲ့သည်။

စကော့တီရှက်ဖလာက "ဒီပြိုင်ပွဲမှာ ချန်ပီယံဆုကိုဆွတ်ခူးခွင့်ရချင်တယ်။ အထူးသဖြင့် ကိုယ့်ရဲ့မွေးရပ်ဇာတိမှာကျင်းပတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ချန်ပီယံဆုကိုဆွတ်ခူးခွင့်ရချင်တဲ့ဆန္ဒ ပြင်းပြနေတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့အတွက် ဆန္ဒပြင်းပြနေတယ် ဆိုပေမဲ့လဲ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲတစ်ရက်ချင်းစီရဲ့ ကျင်းတစ်ကျင်းစီအလိုက်မှာ ရလဒ်ကောင်းဖို့ကို အာရုံစိုက်သွားဖို့လိုအပ်မယ်။ ဒါကြောင့် နောက်ဆုံးနေ့ထိကို ပွဲအပေါ်မှာပဲ အာရုံစိုက်ပြီးတော့ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ဆောင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၃၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၆ | - | ၀ | ရှော်လ်ကေး |
| ဘိုချန် | ၃ | - | ၂ | အော့စ်ဘတ် |
| ဖရန့်ဖတ် | ၃ | - | ၀ | မိန့်ဇ် |
| ယူနီယံဘာလင် | ၄ | - | ၂ | ဖရိုင်းဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၁ | ဟော်ဖန်ဟိမ်း |

(၀၄၀)

# ဆင်းရဲ ချမ်းသာ ကွာဟချက်မြင့်မားလျက်ရှိသော အိန္ဒိယနိုင်ငံ

မောင်စိန်အိ(နဘဲမြေ)



အိန္ဒိယနိုင်ငံ၏ ဆင်းရဲ ချမ်းသာကွာဟမှုကိုခွဲခြားလေ့လာဆန်းစစ်ကြည့်ရာတွင် အဓိကအချက် နှစ်ခုတွေ့ရပြီး ပထမအချက်မှာ ဘီလျံနာသူဌေး တစ်ရာခိုင်နှုန်းခန့်သည် လွန်ခဲ့သောနှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမြင့်မားခဲ့ပြီး ပိုမိုချမ်းသာကြွယ်ဝလာခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ ပြည်သူအများစုသည် ဆင်းရဲမွဲတေမှု သတ်မှတ်မျဉ်းအောက်တွင်သာ အသက်ရှင်ရပ်တည်ရလျက်ရှိသည်။ မည်သည့်အတွက်ကြောင့် ဆင်းရဲ ချမ်းသာ ကွာဟမှုမြင့်တက်နေပြီး ဆင်းရဲ-ချမ်းသာကွာဟမှု ထောင်ချောက်အတွင်း မည်သူတွေပိတ်မိနေသလဲဆိုသောမေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။

အိန္ဒိယတွင် ဆင်းရဲ ချမ်းသာ ကွာဟမှုကြီးထွားလာခြင်းသည် အကြီးမားဆုံးသော စိုးရိမ်ပူပန်မှုများအနက် တစ်ခုပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်ချမ်းသာသူ ငါးရာခိုင်နှုန်းခန့်သည် တိုင်းပြည်၏ကြွယ်ဝမှု ၆၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားရှိသည်ဟုဆိုသည်။ အိန္ဒိယတွင် ဘီလျံနာသူဌေးများ၏ အသားတင်ပိုင်ဆိုင်မှုသည် ၂၀၀၀ ပြည့်နှစ်တွင် တိုင်းပြည် GDP ၏ နှစ်ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းထိ တိုးတက်ပိုင်ဆိုင်လာခဲ့သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတွင် GDP တိုးတက်မှုသည် လူအနည်းငယ်သာပိုင်ဆိုင်မှု ပိုမိုကြွယ်ဝလာပြီး နိုင်ငံသားအားလုံး အကျုံးဝင်သော တိုးတက်မှုမျိုးမဟုတ်ပေ။

အိန္ဒိယ၏ ဘီလျံနာသူဌေး ၁၄၂ ဦးပိုင်ဆိုင်ထားသော အမေရိကန်ဒေါ်လာ ၇၁၉ ဘီလီယံသည် အိန္ဒိယ၏အဆင်းရဲဆုံးပြည်သူ ၅၅၅ သန်း၏ပိုင်ဆိုင်မှုထက်ကျော်လွန်လျက်ရှိသည်ဟုဆိုသည်။ အိန္ဒိယ၏ ဘီလျံနာသူဌေးများသည် ကိုဗစ်-၁၉ ကာလတွင် ပိုင်ဆိုင်မှုတန်ဖိုး နှစ်ဆမြင့်တက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့် ပိုမိုကြွယ်ဝလာခဲ့သည်။ ချမ်းသာသူများက ပိုမိုချမ်းသာလာကြသော်လည်း ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယပြည်သူ ၈၄ ရာခိုင်နှုန်းခန့်သည် ဝင်ငွေကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံတွင် အနည်းငယ်သောသူများသာလျှင် ထိပ်တန်းအခွင့်အရေးများ ခံစားခွင့်ရှိနေသော်လည်း အောက်ခြေလူတန်းစား ၅၀ ရာခိုင်နှုန်းခန့်သည် စိန်ခေါ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ လုပ်ငန်းကဏ္ဍများ ပြန့်ကြဲနေခြင်း၊ ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်တက်ခြင်းတို့အပါအဝင် အကြောင်းခြင်းရာ များစွာတို့ကြောင့် ဆင်းရဲ-ချမ်းသာကွာဟမှု မြင့်တက်နေခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း လုပ်သားအင်အားစုအားလုံး ပါဝင်မှုနှုန်းသည် ၄၆ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။ အမျိုးသမီးများ အလုပ်လက်မဲ့ဖြစ်ပွားမှုနှုန်းသည် ပိုမိုမြင့်မားခဲ့သည်။ အလုပ်သမား ၂၁ သန်းခန့်သည် လုပ်ငန်းခွင်မှ ပျောက်ကွယ်သွားပြီး လုပ်သား ၉ ရာခိုင်နှုန်းခန့်သာလျှင် အလုပ်အကိုင်နေရာအတွက် ဆက်လက်ရပ်တည်နိုင်စွမ်းရှိခဲ့သည်။

လက်ရှိအချိန်တွင် တရားဝင်အလုပ်လုပ်နိုင်သောအသက်အရွယ်ရှိသည့် အိန္ဒိယပြည်သူ သန်း ၉၀၀ ၏ ထက်ဝက်ကျော်ခန့်သည် ၎င်းတို့၏ပညာအရည်အချင်း၊ ကျွမ်းကျင်မှုတို့နှင့် အံဝင်ခွင်ကျဖြစ်သောအလုပ်အကိုင်များကို ရှာဖွေလုပ်ကိုင်သွားလိုသောဆန္ဒမရှိကြတော့ပေ။ အဆိုပါပမာဏသည် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံပေါင်း၏ လူဦးရေနီးပါးခန့်ရှိနေသည်။ ထို့ပြင် အိန္ဒိယ၌ ဆင်းရဲ ချမ်းသာကွာဟမှုပမာဏကို အစိုးရ၏အခွန်အတုတ်ကောက်ခံရရှိမှု အချက်အလက်များက ဖော်ပြလျက်ရှိသည်။ အိန္ဒိယတွင် အလယ်အလတ်အဆင့် ဝင်ငွေရှိသော အခွန်ပေးဆောင်သူ အရေအတွက်သည် ၂၀၁၈ -၂၀၁၉ ခုနှစ်နောက်ပိုင်းမှစ၍ သိသိသာသာကျဆင်းလာခဲ့သည်။ ဆိုလိုသည်မှာ ၁၇ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၉ ဒသမ ၈ သန်း ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၄၁ ဒသမ ၁ သန်းသာရှိတော့သည်။ အဆိုပါကာလ၌ပင်လျှင် ဝင်ငွေမြင့်မားသူအခွန်ပေးဆောင်မှုနှုန်းသည် ၁၅ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။

လက်ရှိအချိန်ထိ အိန္ဒိယနိုင်ငံသည် ဆင်းရဲသူအမြင့်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိရာ ၂၂၈ ဒသမ ၉ သန်းထိရှိသည်။ စားနပ်ရိက္ခာနှင့်စက်သုံးဆီဈေးနှုန်းမြင့်တက်မှုများ၊ ကပ်ရောဂါဖြစ်ပွားမှုများကြောင့် အိန္ဒိယ၏ဆင်းရဲမွဲတေမှုနှုန်းသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။ ဆင်းရဲသားပြည်သူများသည် တရိပ်ရိပ်မြင့်တက်နေသော စားနပ်ရိက္ခာနှင့်စွမ်းအင်ဈေးနှုန်းများအပြင် ကပ်ရောဂါထိန်းချုပ်ရေး အသုံးစရိတ်များ၏ဒဏ်ကိုလည်း ပိုမိုခံစားကြရသည်။ အမျိုးသားမှုခင်းမှတ်တမ်း ထိန်းသိမ်းရေးဗဟိုဌာန (NCRB) ၏အဆိုအရ ၂၀၂၁ ခုနှစ်အတွင်း နေ့စားအလုပ်သမား ၁၁၅ ဦးလျှင် တစ်ဦးသည် နေ့စဉ် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်ဟုဆိုသည်။

ဆင်းရဲ ချမ်းသာ ကွာဟမှုမြင့်တက်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးမှုနှင့် ဆက်နွယ်လျက်ရှိသည်။ ဒိန်းမတ်၊ ဖင်လန်၊ အိုက်စလန်၊ နော်ဝေနှင့်ဆွီဒင်ကဲ့သို့သော စကင်ဒီနေးဗီးယား ငါးနိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအညီမျှဆုံးနိုင်ငံများဖြစ်ကြသည်။ အဆိုပါနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှဖြစ်အောင် မည်ကဲ့သို့ဖန်တီးထားသည်ကို သင်ခန်းစာဖော်ထုတ်သွားသင့်ပေသည်။

စကင်ဒီနေးဗီးယားနိုင်ငံများသည် သက်သာချောင်ချိရေးနှင့် သာတူညီမျှရှိသော အခွင့်အလမ်းတို့ကို အမြင့်ဆုံးအဆင့်ထိရရှိလျက်ရှိကြသည်။ လူထုစည်းလုံးညီညွတ်မှု၊ အခွန်အတုတ်ကောက်ခံမှု၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့တွင် ငွေကြေးပိုမိုသုံးစွဲရေးနှင့်စပ်လျဉ်း၍ အလေးထားဆောင်ရွက်ခဲ့သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုညီမျှနေခြင်းဖြစ်သည်။ အခြားနိုင်ငံများနှင့် မတူညီသောအချက်မှာ အဆိုပါနိုင်ငံများသည် ပြည်သူများကို အခမဲ့ပညာသင်ယူခွင့် ပေးထားခြင်းပင်ဖြစ်သည်။

ဆိုရလျှင် ဆင်းရဲသောအသိုက်အဝန်းများသို့ ဝင်ငွေလွှဲပြောင်းပေးနိုင်ခြင်းသည် သာတူညီမျှဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အတွက် အထိရောက်ဆုံးနည်းလမ်းပင်ဖြစ်သည်။ အခွန်အတုတ်များကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဆိုလျှင် ဆင်းရဲ ချမ်းသာကွာဟမှုများကို ပိုမိုလျှော့ချနိုင်မည်ဖြစ်သည်။ ကုမ္ပဏီများအား အခွန်အတုတ်များလျှော့ချပေးခြင်းသည် အလုပ်သမားများကိုလည်း အကျိုးကျေးဇူးရရှိစေမည်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် ဝင်ငွေကွာဟမှု လျော့နည်းလာသည့်အချိန်တွင် ပြည်သူများ၏ဝင်ငွေရရှိမှုသည် ၎င်းတို့မွေးဖွားလာသည့် အခြေအနေများအပေါ်တွင် လုံးလုံးလျားလျားတည်မှီနေခြင်း မရှိတော့ပေ။ ထို့ကြောင့် ဝင်ငွေကွာဟမှုမြင့်မားသောနိုင်ငံများ၌ စီးပွားရေးလုပ်ဆောင်ရာတွင် ပြည်သူများ၏ အနေအထားသည် ၎င်းတို့မွေးဖွားလာသည့်အခြေအနေ၊ အဆုံးအဖြတ်အပေါ်တွင်သာ မူတည်လျက်ရှိသည်။

ဆိုရလျှင် လိုအပ်ချက်များစွာရှိသောအနေအထားမှစတင်ခဲ့ရသော ပြည်သူများသည် အဆိုပါနေရာ၌ ထောင်ချောက်မိနေတတ်ကြသည်။ ဆိုလိုသည်မှာ စီးပွားရေးအဆင့်အတန်းနိမ့်သော အသိုက်အဝန်းမှ မွေးဖွားလာသူသည် ၎င်းတို့မိဘများထက် ပိုမိုကောင်းမွန်သော အခြေအနေကို ဖန်တီးနိုင်ရန် အခွင့်အလမ်းနည်းပါးလျက်ရှိသည်။ ၎င်းတို့အနေဖြင့် ကွာဟချက်ရှိသော ထောင်ချောက်များတွင် ပိတ်မိနေခြင်းကြောင့် ၎င်းတို့ခံစားရသည့် သာတူညီမျှကွာဟမှုများသည် မျိုးဆက်သစ်များပေါ်တွင်လည်း သက်ရောက်မှု ထပ်မံဖြစ်ပေါ်စေလျက်ရှိသည်။

သာတူညီမျှ အခွင့်အလမ်းရရှိမှု နည်းပါးသောလူမှုအသိုက်အဝန်းများတွင် စွမ်းဆောင်ရည်မြင့်မားသူတစ်ဦးချင်းစီအနေဖြင့် ၎င်းတို့လုပ်ဆောင်နိုင်စွမ်းကို အပြည့်အဝအသုံးချနိုင်စွမ်း ရှိမည်မဟုတ်ချေ။ အကြောင်းမှုကား ၎င်းတို့အနေဖြင့် ကြိုးပမ်းအားထုတ်မှုနည်းသည်ထက် အခြေအနေများက တားဆီးပိတ်ဆို့မှုဖြစ်နေသောကြောင့်ပင်ဖြစ်သည်။ လူမှုအဖွဲ့အစည်းတွင် လွဲမှားသောအခြေအနေများကို ပြန်လည်တည့်မတ်နိုင်ရေးအတွက် ကျေးလက်နှင့်မြို့ပြဆက်သွယ်မှုများလည်း လိုအပ်လျက်ရှိသည်။

ပညာသင်ယူခွင့်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကျား၊ မခွဲခြားမှုများ၊ လူနည်းစုမျိုးနွယ်စုများနှင့် ဇာတ်နိမ့်၊ဇာတ်မြင့်ခွဲခြားမှုများကို ဖြေရှင်းပေးခြင်းအားဖြင့် သာတူညီမျှမှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။ အိန္ဒိယတွင် လက်ရှိဖြစ်ပေါ်နေသော သာတူညီမျှကွာဟချက် မြင့်တက်လာမှုအလားအလာသည် မှန်ကန်သောမူဝါဒအစီအမံများ ချမှတ်စစ်ဆေးကြပ်မတ်မှုများ လုပ်ဆောင်ရန်ပျက်ကွက်နေမည်ဆိုလျှင် တည်ရှိပြီးဆင်းရဲမွဲတေမှုအခြေအနေသည် ပိုမိုဆိုးရွားသည့် အခြေအနေသို့ ရောက်ရှိလာမည် ဖြစ်ပေသည်။

အိန္ဒိယ၏ ကိုဗစ်-၁၉ အလွန် စီးပွားရေးကို ပြန်လည်သုံးသပ်ကြည့်ရာတွင် ဗြိတိန်ကိုကျော်တက်ကာ ကမ္ဘာ့ပဉ္စမစီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာပြီဖြစ်သည်။ သို့သော် ယူပီးငွေကြေးခိုင်မာမှု အားနည်းလာသောကြောင့် စတော့ဈေးကွက်သည် ပြီးခဲ့သောတစ်နှစ်လောက်ကတည်းက ကျဆင်းလာခဲ့သည်။ ပြီးခဲ့သောနှစ်အတွင်း ယူပီးငွေတန်ဖိုးသည် ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ထိုသို့အိန္ဒိယတွင် စီးပွားရေးကျဆင်းလျက်ရှိသော်လည်းလည်း အိန္ဒိယ၏ အချမ်းသာဆုံး သူဌေးဦးရေ ၁၀၀ ၏ ပိုင်ဆိုင်မှုသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံမှ ဘီလီယံ ၈၀၀ ထိ ရှိလာခဲ့သည်။ ဆိုရလျှင် အိန္ဒိယရှိ လူတန်းစားအနည်းငယ်သည် ထိပ်တန်းအခွင့်အလမ်းများခံစားနေသည့်အချိန်တွင် အောက်ခြေလူတန်းစား ၅၀ ရာခိုင်နှုန်းခန့်သည် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရဆဲပင်ဖြစ်သည်ဟူသောအချက်ဖြစ်သည်။

❖ အိန္ဒိယ၏ ဘီလျံနာသူဌေး ၁၄၂ ဦး ပိုင်ဆိုင်ထားသော အမေရိကန်ဒေါ်လာ ၇၁၉ ဘီလီယံသည် အိန္ဒိယ၏အဆင်းရဲဆုံးပြည်သူ ၅၅၅ သန်း၏ ပိုင်ဆိုင်မှုထက်ကျော်လွန်လျက်ရှိသည်ဟု ဆိုသည်။ အိန္ဒိယ၏ ဘီလျံနာသူဌေးများသည် ကိုဗစ်-၁၉ ကာလတွင် ပိုင်ဆိုင်မှုတန်ဖိုး နှစ်ဆမြင့်တက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစ၍ ၄၀ ရာခိုင်နှုန်းခန့် ပိုမိုကြွယ်ဝလာခဲ့သည်။ ချမ်းသာသူများက ပိုမိုချမ်းသာလာကြသော်လည်း ၂၀၂၁ ခုနှစ်အတွင်း အိန္ဒိယပြည်သူ ၈၄ ရာခိုင်နှုန်းခန့်သည် ဝင်ငွေကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံတွင် အနည်းငယ်သောသူများသာလျှင် ထိပ်တန်းအခွင့်အရေးများခံစားခွင့်ရှိနေသော်လည်း အောက်ခြေလူတန်းစား ၅၀ ရာခိုင်နှုန်းခန့်သည် စိန်ခေါ်မှုများရှိနေဆဲပင်ဖြစ်သည်။ ❖

**ကိုးကား**

- **Rich-poor gap worsening in India by Asia Times.**

# သရုပ်ဆောင် ဟိန်းဝေယံက မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သံဃာတော်များအား ဆွမ်းကပ်လှူပြီး လူဦးရေ ၅၀၀ ကို အာဟာရဒါနလှူဒါန်း



**ရန်ကုန် မေ ၁၃**

သရုပ်ဆောင် ဟိန်းဝေယံက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အာနန္ဒာမာရာဇကျောင်းတိုက်၌ မေ ၁၂ ရက်က သံဃာတော်များအား ဆွမ်းကပ်လှူပြီး လူဦးရေ ၅၀၀ ကို အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၆) ရပ်ကွက်ရှိ အာနန္ဒာမာရာဇကျောင်းတိုက်တွင် မွေးနေ့အလှူအဖြစ် သရုပ်ဆောင် ဟိန်းဝေယံ မိသားစုက ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး နဝကမ္မအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၆)ရပ်ကွက်ရှိ လူဦးရေ ၅၀၀ ကိုလည်း ထမင်း၊ ကြက်သားဟင်း၊ ပဲကုလားဟင်း၊ ပုစွန်ခြောက်ကြော်၊ ချဉ်ပေါင်ကြော်နှင့် အရန်ဟင်းအစုံတို့အပြင် အအေးကိုပါ စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော့်မွေးနေ့မှာ လူအယောက် ၅၀၀ စာကို အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ အခုလို မွေးနေ့အလှူလုပ်ရတာ တော်တော်ပျော်ပါတယ်။ ဘုန်းဘုန်းကျောင်းက သံဃာတော်တွေကို နေ့ဆွမ်းကပ်တယ်။ ဝတ္ထုငွေလဲကပ်ဖြစ်တယ်။ လာရောက်သုံးဆောင်ကြတဲ့ ပရိသတ်တွေ မိဘပြည်သူတွေကို မြင်ရတော့ အတော်ဝမ်းသာပြီး စိတ်မှာ ကြည်နူးမိပါတယ်။ မွေးနေ့မှာ ကုသိုလ်လုပ်ရတာ ပျော်စရာအမှတ်တရတွေပါပဲ။ ကျွန်တော့်မွေးနေ့မှာ မေမေအနားမှာရှိပေးလို့လဲ ပျော်စရာအမှတ်တရလဲဖြစ်ရပါတယ်"ဟု သရုပ်ဆောင် ဟိန်းဝေယံက ပြောပြ၍ သိရသည်။ ASH

# Venom-3 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း မျှော်လင့်ထားသည်ထက်စော၍ စတင်ဖွယ်ရှိ

**နယူးယောက် မေ ၁၃**

Venom-3 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို မျှော်လင့်ထားသည်ထက်စော၍ ဆိုနီရုပ်ရှင်ကုမ္ပဏီက စတင်ဖွယ်ရှိကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီအနေဖြင့် Venom-3 ဇာတ်ကားကို လာမည့် ဇွန် ၅ ရက်မှာပင် စတင်ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

Venom-3 ရိုက်ကူးရေးလုပ်ငန်းများကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့နှင့် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တို့၌ ပြုလုပ်မည်ဖြစ်သည်။

Venom-3 ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ကယ်လီမာဆယ်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသားတွမ်ဟာဒီက အဓိကဇာတ်ကောင်ဟက်ဒီဘရော့အဖြစ် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဆိုနီကုမ္ပဏီက သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

လက်ရှိတွင် Venom-3 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက အတိအကျထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။ KKO



# The Asia-Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခဲ့

**ရန်ကုန် မေ ၁၃**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သည့် The Asia-Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်တွင် ဂျပန်နိုင်ငံရှိ မြန်မာသံရုံးက မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခဲ့ကြောင်း မြန်မာသံရုံးမှ အကြီးတန်းသံအရာရှိ ဦးကြည်တင့်က ပြောပြ၍ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို မေ ၁၁ ရက်က Meiji Kinenkan ခန်းမကြီးတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့ရှိ မြန်မာသံရုံးမှ မြန်မာနိုင်ငံကိုယ်စားပြုလက်မှုပစ္စည်းများနှင့် စားသောက်ကုန်များ ခင်းကျင်းပြသရောင်းချခဲ့ကြောင်း သိရသည်။

"ဂျပန်နိုင်ငံ တိုကျိုမြို့မှာရှိတဲ့ The Asia-Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်ကို Meiji Kinenkan ခန်းမကြီးမှာ ဂျပန်နိုင်ငံက ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေနဲ့ ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် မြန်မာသံရုံးအပါအဝင် သံရုံး ၁၉ ရုံးက ဆိုင်ခန်းတွေဖွင့်လှစ်ပြီးတော့ ရိုးရာအစားအစာတွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ် အသုံးအဆောင်ပစ္စည်းတွေကို ခင်းကျင်းပြသရောင်းချခဲ့ပါတယ်"ဟု ဦးကြည်တင့်က ပြောပြသည်။



အဆိုပါဈေးရောင်းပွဲတော်တွင် တိုကျိုမြို့ရှိ မြန်မာသံရုံးမှ မြန်မာ့ရိုးရာယွန်းထည်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် ကျောက်စိမ်းလက်ဝတ်ရတနာများ၊ မြန်မာ့ငွေထည်ပစ္စည်းများ၊ မြန်မာ့ရွှေချည်ထိုးနှင့် ငွေချည်ထိုး အသုံးအဆောင်များ ခင်းကျင်းပြသခဲ့ကြောင်း၊ ထို့ပြင် သစ်သားဖြင့် ပြုလုပ်ထားသည့် မြန်မာ့အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့အစားအသောက်များ၊ မြန်မာ့ကော်ဖီထုတ်ကုန်များ အပါအဝင် မြန်မာ့ဝါးကို ဂျပန်နည်းပညာအသုံးပြု၍ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ပြသရောင်းချခဲ့ကြောင်း သိရသည်။ ASH

# Lord of War နောက်ဆက်တွဲဇာတ်ကား၌ အင်ဒရူးနစ်ကိုးနှင့် နီကိုလပ်ကေ့တို့ လက်တွဲမည်

**နယူးယောက် မေ ၁၃**

Lord of War ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားအတွက် ဒါရိုက်တာ အင်ဒရူးနစ်ကိုးနှင့် မင်းသား နီကိုလပ်ကေ့တို့ ပြန်လည်လက်တွဲမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။


Lord of War သည် လျှို့ဝှက်သည်းဖို့မှုခင်းဇာတ်ကားတစ်ကားဖြစ်ပြီး လက်နက်မှောင်ခိုလုပ်ငန်းလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားကြီး နီကိုလပ်ကေ့က အော်လော့အမည်ရှိ လက်နက်ကုန်သည်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Lord of War နောက်ဆက်တွဲဇာတ်ကားတွင် မင်းသားကြီး နီကိုလပ်ကေ့နှင့်အတူ မင်းသား ဘီစကားဂ့်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Lord of War နောက်ဆက်တွဲဇာတ်ကားတွင် တစ်ဦးနှင့်တစ်ဦး အားစမ်းနေကြသည့် လက်နက်ကုန်သည်သားအဖ နှစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။ KKO



# ဒွိဟဇာတ်ကားကို Sky Net နှင့် ကြယ်တံခွန် You Tube Channel၊ NHN Application မှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် မေ ၁၃**

ဒွိဟဇာတ်ကားကို Sky Net ရုပ်သံလိုင်းနှင့် ကြယ်တံခွန် YouTube Channel၊ NHN Application မှ ယခုနှစ် ဇွန်လတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါမြန်မာရုပ်ရှင်ဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ဒွိဟဇာတ်လမ်းသည် တစ်ပိုင်းတည်းအပြီးဇာတ်ကားဖြစ်ပြီး ယခုနှစ် ဇွန်လတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လူငယ်တွေအတွက် အချစ်နဲ့ဘဝ အောင်မြင်မှုဆိုင်ရာပညာပေးဇာတ်ကားလေးကိုတော့ ကျွန်တော်ရဲ့ကိုယ်ပိုင်ဖြစ်တဲ့ ကြယ်တံခွန် You Tube Channel ကနေ လာမဲ့ ဇွန်လမှာ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် Sky Net ရုပ်သံလိုင်းကလဲ ထုတ်လွှင့်ပြသသွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါ ဒွိဟဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ သားကျော်မောင်က ဖန်တီးရိုက်ကူးထားခြင်းဖြစ်ပြီး တွဲဖက်ဒါရိုက်တာအဖြစ် ဒံကြီးက တာဝန်ယူထားကာ သရုပ်ဆောင် နေထက်နိုင်၊ ယမင်းရွှေစင်၊ ရတနာခိုင်၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Ceremony to enshrine upper reliquary, hoist golden umbrella and consecrate Sattasattaha Maha Bodhi Pagoda in the compound of Buddha Park in Kengtung, Shan State (East) held



Senior General Min Aung Hlaing and congregation hear a sermon from the Sayadaws, sharing merits gained.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer paritta flowers and water to Sitagu Sayadaw.

**Nay Pyi Taw May 13**

The enshrinement of upper reliquary, hoisting of golden umbrella and consecration of Sattasattaha Maha Bodhi Pagoda in the compound of Buddha Park in Kengtung, Shan State (East) were held this morning at a grand religious ceremony attended by members of Sangha led by State Ovadacariya Solasama Sangha Raja of Shwekyin Nikaya Chancellor of Sitagu International Buddhist Academies Abhidhija Maha Rattha Guru Abhidhija Agga Maha Saddhammajotika Dr Bhaddanata Nyanissara and Chief Patron of Thiladhammakontha Tawya Monastery Agga Maha Saddhammajotikadhaja Bhaddanta Kovida Wazipeik Sayadaw.

Present at the ceremony were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Joint Secretary Lt-Gen Ye Win Oo and wife, SAC members and wives, union ministers, the Shan State chief minister and wife, senior military officers from Office Commander-in-Chief and wives, the Triangle Region Command commander, distinguished guests, officers, other ranks and families, religious associations and local national races.

The ceremony was opened by reciting namotassa three times. The Senior General and wife and attendees received the Nine Precepts from Sitagu Sayadaw. Devotees presented paritta flowers, water, thread and sand to Sayadaws who recited Parittas. Devotees then sprinkled paritta water, spread paritta sand and tied paritta thread in the pagoda compound.

First, the Senior General and wife presented diamond orb and relics to Sayadaws, and then the offertories. The congregation including the SAC joint secretary, SAC members, union ministers presented offertories to Sayadaws.



Senior General Min Aung Hlaing strikes the bell.

The Senior General conferred Agga Maha Saddhammajotikadhaja Title on Wazipeik Sayadaw. Sitagu Sayadaw delivered a sermon, and the merits gained were shared. The Senior General presented honorary cash award to engineers who built the pagoda.

The Senior General and wife and party conveyed the diamond orb, relics and different tiers of golden umbrella with a palanquin round the pagoda clockwise and placed the religious objects at a temporary shelter. Sayadaws arrived at the upper reliquary, and the Senior General enshrined the relics in the reliquary and sprinkled scented water on them. The Senior General, wife and party conveyed the diamond orb, different tiers of golden umbrella on top of the pagoda by a carriage.



Sitagu Sayadaw strikes the bell.

*See Page 13*


Senior General Min Aung Hlaing and Daw Kyu Kyu Hla take part in conveying the golden umbrella around the pagoda.


Senior General Min Aung Hlaing pays homage to the golden umbrella.

*From Page 12*

The Senior General and party hoisted the diamond orb and the umbrella on top the pagoda and sprinkled scented water. The successful completion of the ceremony was marked with a religious performance. The Senior General offered robes, meal, fruits, flowers and water to the Maha Bodhi Buddha Image inside the pagoda cave.


Senior General Min Aung Hlaing sprays scented water on the repository of relics.

Members of the Sangha consecrated the pagoda in accord with the religious tradition. The congregation chanted Buddha sasanamciramtithatu three times to mark the conclusion of the ceremony. Sitagu Sayadaw signed the visitor's book. The Senior General presented cash donations for the pagoda through an official. Led by Sitagu Sayadaw, the congregation sprinkled scented water on the stone plaques of the pagoda and ring the bell nine times. The Senior General and wife and attendees offered day meal to the members of the Sangha. Lunch was also served for all guests. The Senior General and party paid homage to the pagoda and signed the visitor's book. They then paid homage and offered flowers and water to Animisa Sattaha Animisa Pagoda and Abhayarajamuni Buddha Image in the park.

First Abhayarajamuni Buddha Image was erected in the park near Pankwe village 15 miles southeast of Kengtung for peace and tranquility of Shan State (East), perpetuation of Theravada Buddhism, and regional development through internal and external pilgrimage programs. Wazipeik Sayadaw sponsored a plan to build a replica of Satta Sattaha Maha Bodhi Pagoda of Bode Gaya, India, for pilgrims including national races from far and near to visit it. The pagoda was built with the donations made by well-wishers led by the Senior General and local national races. The ceremony to hoist diamond orb and consecrate the pagoda was successfully held today. 100

# Cyclone Mocha: Major evacuations as cyclone threatens Bangladesh

**Dhaka May 13**

About half a million people are being evacuated to safer areas in south-eastern Bangladesh, ahead of a cyclone that could be extremely dangerous.

Mocha is predicted to make landfall on Sunday, with 170kph (106mph) winds and storm surges of up to 3.6m (12ft).

There are concerns the cyclone could hit the world's largest refugee camp, Cox's Bazar, where close to a million people live in makeshift homes.

Rains are already falling on the camp and red warning flags have been raised.

Cyclone Mocha could be the most powerful storm seen in Bangladesh in nearly two decades.

As the weather system heads towards the Bangladesh-Myanmar coast, nearby airports have been shut, fishermen have been told to suspend their work and 1,500 shelters have been set up, as the process of moving people from vulnerable areas begins.

Officials in Cox's Bazar said 1,000 people had already been evacuated from one area, with plans to move a further 8,000 people from a ward near the beach if the situation worsened.

"We are ready to face any hazards... we don't want to lose a single life," Vibhushan Kanti Das, additional deputy commissioner at Cox's Bazar, told the BBC. BBC

Tourists staying in beachside hotels will be safe, so emergency workers will move locals such as fishermen and families who live in more vulnerable homes, the official said. BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Hellenic Aerospace Industry က အလိုအလျောက်ပျံသန်းနိုင်သော Archytas ဒရုန်းကို အေသင်မြို့တွင်ကျင်းပသည့် DEFEA 2023 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသ



Hellenic Aerospace Industry သည် ၎င်း၏အလိုအလျောက်ပျံသန်းနိုင်သော Archytas (UAV) ဒရုန်းသစ်ကို အေသင်မြို့တွင် ကျင်းပနေသည့် DEFEA 2023ကာကွယ်ရေးပြပွဲတွင် အများပြည်သူသို့ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့ကြောင်း မေ ၁၀ ရက်က Defense News တွင် ဖော်ပြထားသည်။

Archytas ဒရုန်းကို ဂရိနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေကြေးပံ့ပိုးပြီး တက္ကသိုလ်များစွာ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်ထားခြင်းဖြစ်ကာ အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်သော ဒရုန်းများ၏ဒီဇိုင်းနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်မှုအတွက် ရည်ရွယ်ထားကြောင်းသိရသည်။

Archytas ဒရုန်းသည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်းမစ်ရှင်များအပါအဝင် စွယ်စုံသုံးလုပ်ဆောင်မှုများအတွက် ဒီဇိုင်းထုတ်ထားသည့် တောင်ပံသေတပ်၊ Lift-and-Cruise VTOL UAV အမျိုးအစားလည်းဖြစ်သည်။ ဒရုန်းသည် အမျိုးမျိုးသော Payload အမျိုးအစားများ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ Payload သည် အသုံးပြုသူ၏ လိုအပ်ချက်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေနိုင်ပြီး စစ်ဘက်နှင့်အရပ်ဘက် ကာကွယ်ရေးအေဂျင်စီများအတွက် အရေးပါမည့်စနစ်၊ ကိရိယာများဖြစ်သည်။

Archytas သည် ပေါ့ပါးပြီး အလွယ်တကူ ဖြုတ်၊ တပ်နိုင်သောတောင်ပံများပါရှိကာ လေကြောင်းပျံသန်းမှုဆိုင်ရာများအတွက် တရားဝင်အသိအမှတ်ပြုလက်မှတ်ရရှိထားပြီးဖြစ်သည်။ မည်သည့်မြေမျက်နှာသွင်ပြင်မဆို အလွယ်တကူတပ်ဖြုန့်နိုင်ပြီး သီးခြားနေရာများ သို့မဟုတ် သင်္ဘောကုန်းပတ်များမှလည်း လွှတ်တင်ပျံတက်နိုင်မည်ဖြစ်သည်။

Archytas တွင် ခေတ်မီဆန်းသစ်သော Gimbal Full HD ကင်မရာ၊ လေဆာအကွာအဝေးရှာကိရိယာ၊ အလိုအလျောက် အရာဝတ္ထုခြေရာခံခြင်းနှင့် ဖုံးကွယ်ထားသောမြင်ကွင်း (Embedded Scene) မှမောင်းနှင်ထိန်းချုပ်နိုင်သော ဆော့ဖ်ဝဲစနစ်တို့ ပါရှိသည်။

Archytas UAV တွင် ကြိမ်နှုန်းခုန်ပျံ (Frequency Hopping) လုပ်ဆောင်နိုင်မှုနှင့်အတူ ကုဒ်ဝှက်ထားသော ဒေတာလင့်ခ်တစ်ခု ပါရှိသည်။ ထို့ကြောင့် ဒရုန်း၏ ဒေတာများကို အချိန်တိုင်းလုံခြုံစေရန် သေချာစေမည်ဖြစ်သည်။ ရွေးချယ်ထားသော Payload ပေါ်မူတည်၍ ဒရုန်းသည် ပုံမှန်အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ဖြင့် အကွာအဝေးကီလိုမီတာ ၃၀၀ ထိ တစ်ဆက်တစ်စပ်တည်း လေးနာရီကြာ ပျံသန်းနိုင်မည်ဖြစ်သည်။

Archytas သည် လက်နက်ခဲယမ်းများ မပါဘဲ လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသော်လည်း အသုံးပြုသူများသည် အပေါ့စား လက်နက်ခဲယမ်းများကို အများဆုံး ၁၄ ကီလိုဂရမ်ထိ သယ်ဆောင်ရန်ပြုပြင်မွမ်းမံနိုင်မည်ဖြစ်သည်။ ဒရုန်း၏ ဒေါင်လိုက်အတက်အဆင်း ပျံသန်းနိုင်စွမ်းကို (Longitudinal Beam) အလျားလိုက် ဝမ်းဗိုက်ရှိ လျှပ်စစ်ပန်ကာလေးခုဖြင့် ပံ့ပိုးပေးထားပြီး ဗွီပုံစံပြောင်းပြန် (Negative-V) အမြီးနှင့်တောင်ပံများကို ချိတ်ဆက်ထားသည်။

အဆိုပါ တည်ဆောက်မှုစနစ်သည် အနည်းဆုံး (Drag)ဆွဲအား ဖြစ်ပေါ်စေပြီး ပျံသန်းမှုကြာရှည်ခံနိုင်စေရန် ဆိုင်းထိန်းကြိုး လေးချောင်း ထပ်မံတပ်ဆင်အသုံးပြုထားသည်။ ၎င်းသည် ဒရုန်းကို ပြေးလမ်းမလိုအပ်ဘဲ သင်္ဘောကြီးများ၏ကုန်းပတ်များပေါ်တွင် ဆင်းသက်၊ ပျံတက်နိုင်စေကာ အလွန်ဝေးလံသောနေရာများသို့ စစ်ဆင်နိုင်စွမ်းရရှိစေမည်ဖြစ်သည်။

ပထမဆုံးရှေ့ပြေးနမူနာပုံစံ (Preproduction System) ကို ယခုနှစ် ဒီဇင်ဘာလတွင် ပေါင်းစည်းထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရပြီး ပထမအကြိမ်ပျံသန်းမှုကို ၂၀၂၄ ခုနှစ် မတ်လတွင်ပြုလုပ်ရန် စီစဉ်ထားသည်။ Hellenic လက်နက်ကိုင်တပ်ဖွဲ့များသည် Archytas UAV ၏ ပထမဆုံးဖောက်သည်များ ဖြစ်လာမည်ဖြစ်ပြီး ၎င်းနောက်တွင် အခြားသော ဂရိအရပ်ဘက် ကာကွယ်ရေးအေဂျင်စီများ ပါဝင်လာနိုင်သည်။ Archytas သည် ဂရိနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်များနှင့် မတူညီသော ရည်မှန်းချက်တာဝန်များကို ပေးအပ်နိုင်ရန် အရေးပါသောစွမ်းအားစုတစ်ခုပင်ဖြစ်သည်။

**DEFEA 2023: Hellenic Aerospace Industry unveils Archytas local-made latest autonomous aerial vehicle ကို ဘာသာပြန်ဆိုထားပါသည်။**

## MBDA ကုမ္ပဏီက အီတလီလေတပ်အတွက် တာလတ်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်သစ်ကို စမ်းသပ်ပစ်လွှတ်

MBDA ကုမ္ပဏီသည် မကြာသေးမီက CAMM-ER ဒုံးကျည်ကို အသုံးပြု၍ အီတလီလေတပ်အတွက် တာလတ်ပစ်ဒုံးကျည် ကာကွယ်ရေးစနစ်သစ်ကိုစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း မေ ၁၀ ရက်က Defense Post တွင် ဖော်ပြထားသည်။

တာလတ်ပစ်အဆင့်မြင့်လေကြောင်းကာကွယ်ရေးစနစ် (MAADS)ကို အီတလီလေတပ်တွင် စတင်အသုံးပြုနိုင်ရန်အတွက် စီစဉ်နေခြင်းဖြစ်ပြီး အီတလီလေတပ်တွင် လက်ရှိအသုံးပြုလျက်ရှိသော SPADA တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အစားထိုးရန်စီစဉ်ထားသည်။

စမ်းသပ်မှုတွင် စနစ်အနေဖြင့် CAMM-ER ကို ကြားဖြတ်ဟန့်တားရန်အတွက် ပစ်လွှတ်ခြင်းမပြုမီ ရန်သူဒုံးကျည်ပုံစံသဏ္ဍာန်တူ ပုံဖော်ထားသည့် ဒရုန်းတစ်စင်းကို ထောက်လှမ်းခြင်း၊ စိစစ်ခွဲခြားခြင်းများပြုလုပ်၍ စနစ်၏စွမ်းဆောင်ရည်များအပေါ် အကဲဖြတ်ဆန်းစစ်ခဲ့ခြင်းဖြစ်သည်။

MAADS တွင် Detection Center Module ထောက်လှမ်းရေးစနစ်၊ ဒုံးပစ်လောင်ချာ (Launcher)နှင့် CAMM-ER ဒုံးကျည်တို့ ပါဝင်ဖွဲ့စည်းထားပြီး အကွာအဝေး ၄၅ ကီလိုမီတာ (၂၈ မိုင်) မှ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။

စမ်းသပ်မှုတွင် MBDA ၏ Battle Management Command၊ Control၊ Communication၊ Computer & Intelligence C4I ကွပ်ကဲကြီးကြပ်မှုစနစ်နှင့် Leonardo ထုတ် Kronos မြေပြင်အခြေစိုက်ရေဒါတို့ပါဝင်၍ ဒုံးကျည်နှင့်ပေါင်းစည်းလုပ်ဆောင်နိုင်မှုကို သရုပ်ပြသခဲ့သည်။

ထို့ပြင် CAMM-ER ဒုံးကျည်နှင့် MAADS တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်တို့ကြား နှစ်မျိုးသုံးဒေတာချိတ်ဆက်မှု (Two-Way Data Link) ဆက်သွယ်ရေးစနစ်ကိုလည်း စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါစမ်းသပ်မှုတွင် MBDA UK၊ MBDA Italy နှင့်အီတလီကာကွယ်ရေးဝန်ကြီးဌာန လက်နက်ဝယ်ယူရေးအေဂျင်စီ၊ ကာကွယ်ရေးအထွေထွေအတွင်း ရေးမှူးချုပ်အဖွဲ့တို့ ပါဝင်လုပ်ဆောင်ခဲ့သည်။

အရည်အချင်းစစ်စမ်းသပ်၊ သရုပ်ပြသခြင်းအောင်မြင်မှုသည် SEGREDIFE-SA (Segretariato Generaledella Difesae Direzione Nazionale Degli Armamenti) ၏ ပံ့ပိုးကူညီမှုဖြင့် MBDA ကုမ္ပဏီ အီတလီနှင့်ဗြိတိန်အဖွဲ့အစည်းများ၏ပေါင်းစပ်လုပ်ဆောင်မှု၏ ရလဒ်ဖြစ်သည်။



CAMM-ER သည် ဗြိတိန်နှင့်အီတလီက ထုတ်လုပ်သော မျိုးဆက်သစ် CAMM အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ၏ တာလတ်ပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။ ၎င်းသည် အီတလီလေတပ်နှင့် အီတလီကြည်းတပ်တို့၏ ခေတ်ဟောင်းလေကြောင်းရန်ကာကွယ်ရေးစနစ်များနေရာတွင် အစားထိုးမည်ဖြစ်သည်။ CAMM-ER သည်ရေယာဉ်စုများ၏ Naval Based Air Defense (NBAD) စွမ်းရည်ကို အကောင်းဆုံးဖြစ်အောင် နိုင်ငံရပ်ခြားသို့ရောင်းချထားပြီးဖြစ်သော Albatros NG ရေတပ်သုံးစနစ်တွင် ထည့်သွင်းပစ်ခတ်နိုင်မည်ဖြစ်သည်။

CAMM-ER နှင့် CAMM တွင် အဆင့်မြင့် Active Seeker နှင့်ဒေါင်လိုက်ပစ်လွှတ်ခြင်း Cold Launch စနစ် (Soft Vertical Launch) အသုံးပြုတိုက်ပွဲဝင်နိုင်မည်လည်းဖြစ်သည်။ CAMM-ER တွင် မတူညီသော လေခွင်းအားနည်းပညာများပါရှိပြီး အကွာအဝေးတိုးမြှင့်လုပ်ဆောင်နိုင်မှုကိုပံ့ပိုးပေးရန် AVIO က ဒီဇိုင်းထုတ်ထားသည့် ပိုမိုကြီးမားသော မော်တာတစ်လုံးပါရှိသည်။

**MBDA Demonstrates Medium-Range Missile Defense System for Italian Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**





ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တင်လှူပူဇော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သီတဂူဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့က ရတနာရွှေမိုး၊ငွေမိုးများရွာသွန်းဖြိုးစဉ်။



သီတဂူဆရာတော်ဘုရားကြီးက စေတီတော်မြတ်ကြီးဌည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။



သီတဂူဆရာတော်ဘုရားကြီးက သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များပက်ဖျန်းပူဇော်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က
သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍
ရတနာစိန်ဖူးတော်၊ ဌာပနာတော်တို့ကို
သံဃာတော်များထံ သာဟတ္ထိကဒါနမြောက်
လက်ရောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်
ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်
လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီ
တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊
ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနား
တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်း
များကို သံဃာတော်အရှင်သူမြတ်များထံ
ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်
ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က
ဝစီပိတ်ဆရာတော်ကြီးထံသို့ ၂၀၂၃ ခုနှစ်
သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်
တော်ကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် သီတဂူဆရာတော်ဘုရားကြီး
ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု
အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ
ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က
သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်
ကြီးတည်ဆောက်ခဲ့သည့် ဗိသုကာ
အင်ဂျင်နီယာပညာရှင်များကို ဂုဏ်ပြုငွေ
များပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊
ဌာပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်
တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်
၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်
လှည့်လည်ပူဇော်ကာ ကုသိုလ်တော်မဏ္ဍပ်
တော်ကြီးရှေ့ရှိ ခေတ္တအပူဇော်ခံနေရာသို့
ပို့ဆောင်ကြသည်။

ထို့နောက် ဆရာတော်ကြီးများနှင့်
ဘုရားဒါယကာများက အထက်ဌာပနာ
တော်တိုက်သို့ ကြွရောက်တော်မူကြပြီး
မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်
ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
က အထက်ဌာပနာတော်များကို သွင်းလှူ
ပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်း
ပူဇော်သည်။

ဆက်လက်ပြီး မင်္ဂလာအချိန်တွင်
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်
များ၊ အခမ်းအနားတက်ရောက်လာကြသူ
များနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု
တို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊
ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာ
ရထားပျံဖြင့် စေတီတော်အထွတ်သို့
ပင့်ဆောင်ကြသည်။ ၎င်းနောက် နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်
ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူး
တော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို
စေတီတော်အထွတ်၌ တင်လှူပူဇော်၍
ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။
ထို့နောက် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်
ဘုံအဆင့်ဆင့်တင်လှူပူဇော်အောင်မြင်ခြင်း
အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊
ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က
သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်
ကြီး လိုဏ်တော်အတွင်းရှိ မဟာဗောဓိ
ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား

**စာမျက်နှာ ၁၉ သို့**





သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား သံဃာတော်အရှင်သူမြတ်များက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ရွှေကြာသက်န်း၊ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ဆက်လက်ပြီး သံဃာတော်အရှင်သူမြတ်များက သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် သီတဂူဆရာတော်ဘုရားကြီးက စေတီတော်မြတ်ကြီး ဌေ့သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွက် အလှူတော်ငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စေတီတော်မြတ်ကြီးဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပူဇော်စဉ်။




ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် သီတဂူဆရာတော်ဘုရားကြီးအမှူးပြု၍ သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်းကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးရှိ ရွှေခေါင်းလောင်းတော်ကို ကိုးချက်ထိုးခတ်ပူဇော်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဌေ့သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဌေ့သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုး ပူဇော်ကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနိမိသသတ္တာဟ အနိမိသစေတီတော်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညို ပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။

အဆိုပါ ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း၌ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ အေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဦးစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ပြည်နယ်(အရှေ့ပိုင်း)ဒေသနှင့် အနီးဝန်းကျင်မှဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများအနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား ဒေသအတွင်း၌ပင် ဖူးမြော်နိုင်စေရန်ရည်ရွယ်၍ ယခုသတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ပုံစံတူစေတီတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဝစီပိတ်ဆရာတော်ကြီး ကိုယ်တိုင်ဦးဆောင်ပဓာနကမကထပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုသည့် စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယနေ့တွင် ရတနာစိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ပုဂ္ဂလိကပညာရေးဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှ အဆက်)**

၃၁။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများကို သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့်အညီ ဆောင်ရွက်ခြင်း၊

( ခ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဂ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာ၏ အရည်အသွေးသည် ဝန်ကြီးဌာနက ချမှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာ မူဝါဒနှင့် ညီညွတ်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းဆရာဦးရေ လုံလောက်မှုရှိခြင်း၊

( င ) ပုဂ္ဂလိကကျောင်းဆရာ၏ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊

( စ ) သင်ယူသူများ စည်းကမ်းလိုက်နာစေရေး၊ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဆ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ရာတွင် သတ်မှတ်အရည်အချင်း ပြည့်မီကိုက်ညီရေး ဆောင်ရွက်ခြင်း၊

( ဇ ) သင်တန်းပြီးဆုံးကြောင်း လက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ကို သတ်မှတ်ထားသောအချိန်အတွင်း ပေးအပ်ခြင်း၊

( ဈ ) ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များကို ကြိုတင်သတ်မှတ်၍ ဆောင်ရွက်ခြင်း၊

(ည) နှစ်ပတ်လည်အစီရင်ခံစာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်တင်သွင်းခြင်း၊

( ဋ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက် အလက်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က လိုအပ်၍တောင်းခံလျှင် တင်ပြခြင်း၊

( ဌ ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာသို့မဟုတ်နိုင်ငံခြားသားစီမံအုပ်ချုပ်သူ သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို ခန့်အပ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ရပ်စဲခြင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

( ဍ ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( ဎ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်အပါအဝင် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

( ခ ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာနိုင်ငံသား သင်ယူသူများအား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

( ဂ ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများတွင် မြန်မာစာသင်ကြားလိုသော နိုင်ငံခြားသား သင်ယူသူများအား သက်ဆိုင်ရာအတန်းနှင့် လိုက်လျောညီထွေသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသော မြန်မာစာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။

၃၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

( ခ ) သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

( ဂ ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့် အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း၊

(ဃ) သင်တန်းပြီးဆုံးကြောင်း လက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ခြင်းကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

( င ) နည်းပညာနှင့် သက်မွေးပညာရေးအဆင့် ခွဲခြားသတ်မှတ်ခြင်းကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

၃၄။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်အလိုက် ပဋိညာဉ်စာတမ်း ရေးဆွဲပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူခြင်း၊

( ခ ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဆောင်ရွက်ခြင်း၊

( ဂ ) အသုံးချသုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းချီးမြှင့်ခြင်း၊

( င ) ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( စ ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့် အစီအစဉ်များ စနစ်တကျရေးဆွဲချမှတ်ထားခြင်း။

၃၅။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်ယူသူများသည်-

(က) အစိုးရကျောင်း၏ သင်ယူသူများနည်းတူ သက်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူမှုနှင့် ပညာရည်ဖွံ့ဖြိုးမှု အခွင့်အလမ်းများ ရရှိရမည်။

( ခ ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် အစိုးရကျောင်းများအကြား အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည်။

( ဂ ) နိုင်ငံတော်က သတ်မှတ်ထားသည့် ပညာရေးအဆင့်ပြီးမြောက်ကြောင်းစာမေးပွဲကို သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဝင်ရောက်ဖြေဆိုနိုင်သည်။

### အခန်း (၁၀)
### ပုဂ္ဂလိကကျောင်းဆရာ

၃၆။ (က) ကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းတွင်ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လက်မှတ် ရရှိရန် -

(၁) မြန်မာနိုင်ငံသားဖြစ်ပါက သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

( ခ ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ လျှောက်ထားရမည်။

၃၇။ ပုဂ္ဂလိကကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ရရှိသူသည် သက်ဆိုင်ရာဌာန ငွေစာရင်းသို့ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီး မှတ်ပုံတင်လက်မှတ် ရယူရမည်။

၃၈။ ပုဂ္ဂလိကအခြေခံပညာကျောင်းဆရာသည် အနည်းဆုံး အောက်ပါအရည်အချင်း သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ကိုက်ညီသူဖြစ်ရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ ရရှိသူ၊

( ခ ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ် ရရှိသူ၊

( ဂ ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဝန်ကြီးဌာနကဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ်ရရှိသူ၊

(ဃ) ပုဒ်မခွဲ(က)မှ (ဂ)အထိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှုမရှိသော်လည်း ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းဆရာဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာရပ်ဆရာဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ။

၃၉။ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာသည် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်ရမည်။

၄၀။ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းဆရာသည် ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

၄၁။ ပုဂ္ဂလိကကျောင်းဆရာသည် -

(က) နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေရမည်။

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

( ဂ ) မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။

( င ) တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

( စ ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

### အခန်း (၁၁)
### အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၄၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အမျိုးသားပညာရေးအဆင့်မှုဘောင်ကိုကိုးကား၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကချမှတ်သည့် ပညာအရည်အသွေးဆိုင်ရာ စံနှုန်းများအတိုင်း ပညာအရည်အသွေးတိုးတက်မှုအတွက် ဆောင်ရွက်ရမည်။

၄၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအသီးသီးသည် -

(က) အသိအမှတ်ပြုမှုရရှိရေး၊ အရည်အသွေးအာမခံမှုရှိရေးကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်သောအဆင့်အလိုက် အရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးခြင်းများကို ခံယူရမည်။

၄၄။ အောက်ဖော်ပြပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများသည် သက်ဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသော အမျိုးသားပညာရေးအဆင့်မှုဘောင်နှင့်လည်းကောင်း၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီရမည်-

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊

( ခ ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

### အခန်း (၁၂)
### ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း

၄၅။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ရက်ပေါင်း ၁၂၀ ကြိုတင်၍ အကြောင်းပြချက် ခိုင်လုံစွာ ဖော်ပြထားသည့် **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့် လျှောက်လွှာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၄၆။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ စာရင်းရှင်းလင်းရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက သင်ကြားပြီးဆုံးသော ပညာသင်နှစ်အတွက်မှအပ ကျန်ရှိသော ပညာသင်နှစ်အတွက် သင်ယူသူများ ကြိုတင်ပေးသွင်းထားသော ကျောင်းလခ၊ သင်တန်းကြေးနှင့် အခြားအခကြေးငွေများ ရှိပါက ယင်းတို့ကို အပြည့်အဝ ပြန်လည်ပေးအပ်ရမည်။

၄၉။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ပုဒ်မ ၄၈ ပါ ကိစ္စရပ်များကို ပြီးစီးအောင် ဆောင်ရွက်၍ စည်းကမ်းချက်များနှင့်အညီ စာရင်းရှင်းလင်းပြီးမှသာ သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံသို့ လျှောက်ထားရမည်။

၅၀။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့်ပြုသည့်အခါ ပညာရေးဆိုင်ရာလက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအတွက် ထုတ်ပေးရန်လိုအပ်လျှင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သောဌာနသည် ယင်းကျောင်းကိုယ်စား ပညာရေးဆိုင်ရာလက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအား သတ်မှတ်ချက်နှင့်ညီညွတ်ပါက ထုတ်ပေးရမည်။

## အခန်း (၁၃)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၅၁။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၈၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်၍ အမည်ပျက်စာရင်းထည့်သွင်းခြင်း။

၅၂။ ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော ပုဂ္ဂလိကကျောင်းဆရာအား စာဖြင့်သတိပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုရမည်။

၅၃။ ကြီးကြပ်ရေးအဖွဲ့ကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဝန်ကြီးဌာနက ဖွဲ့စည်းသော အယူခံအဖွဲ့သို့ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် သင့်လျော်သောပုဂ္ဂိုလ် အနည်းဆုံး သုံးဦးပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အယူခံအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ပြုလုပ်နိုင်သည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

## အခန်း (၁၄)

## တားမြစ်ချက်များ

၅၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၅၈။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်ကာလအတွင်း အဆိုပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ဖွင့်လှစ်ခြင်းမပြုရ။

၅၉။ မည်သူမျှ-

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်းမပြုရ၊

(ဃ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအဖြစ် ကြော်ငြာခြင်းမပြုရ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လွှဲပြောင်းသုံးစွဲခွင့်မပြုရ၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် အချင်းချင်း ပေါင်းစည်းခြင်း မပြုရ။

၆၀။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်နှင့် စပ်လျဉ်း၍ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းတစ်ခုခုနှင့် တရားဝင်ပေါင်းစပ်မှုရှိသည်ဟု အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသော အမည်နှင့် အသုံးအနှုန်းများကို သုံးစွဲခြင်းမပြုရ။

၆၁။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် မရှိသောသူကို ပုဂ္ဂလိကကျောင်းဆရာအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် သင်ကြားစေခြင်းမပြုရ။

၆၂။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ် သို့မဟုတ် အဆောက်အဦတွင် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်မှုများ၊ အများပြည်သူကို ထိခိုက်နစ်နာစေသော လုပ်ဆောင်မှုများ၊ ကျောင်းလုပ်ငန်းနှင့် လျော်ကန်မှုမရှိသော လုပ်ဆောင်မှုများ မပြုလုပ်ရ။

၆၃။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေနိုင်သောလုပ်ရပ်များ မပြုလုပ်ရ။

၆၄။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၅။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်ကာလအတွင်း ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၆။ မည်သူမျှ-

(က) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ခွင့်ပြုချက်မရဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းခြင်းမပြုရ။

၆၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေးကိုထိခိုက်စေမည့် အကြောင်းအရာများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၈။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်မူဝါဒနှင့်ဆန့်ကျင်သော ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံရေးအကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသူမှအပ မည်သူမျှ တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၁၅)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၄ နှင့် ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၇၆။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် ငွေကြေး၊ စက်ပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ နည်းပညာ၊ မူပိုင်ခွင့် အခွင့်အရေး၊ မြေ၊ အဆောက်အအုံ၊ စာသင်ခန်း၊ ပရိဘောဂတို့ကို လှူဒါန်းရရှိခြင်းဖြစ်လျှင် လှူဒါန်းခြင်းသဘောတူညီမှု အထောက်အထား၊ လှူဒါန်းသူအမည်၊ လှူဒါန်းပစ္စည်းအမျိုးအစားနှင့် အရေအတွက်၊ လိုအပ်သော အထောက်အထားများနှင့် ၎င်းတို့ကို အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ကို တိကျစွာဖော်ပြထားသော မှတ်တမ်းထားရှိရမည်။

၇၇။ ဤဥပဒေအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၇၈။ ဤဥပဒေအရ -

(က) အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

(ဂ) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ်ရရှိသည့်နေ့မှစ၍ ၎င်း၏ အမည်၊ အမှတ်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၈၀။ ဤဥပဒေ အာဏာမတည်မီ တည်ထောင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေ အာဏာတည်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆောင်ရွက်ရမည်။

၈၁။ (က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ(၂၀၁၁ ခုနှစ်ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဤဥပဒေနှင့် မဆန့်ကျင်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့သည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ




**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်ရဝန်ကြီး ဦးဝင်းရှိန် ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။**

**နေပြည်တော် မေ ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မေ ၁၂ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်စီမံကိန်းဦးစီးရုံး(ရုံးခွဲ)သို့ ရောက်ရှိပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်အလိုက်စီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာအကောင်အထည်ဖော်ရေး၊ စာရင်းကောက်ယူမှုများပြုလုပ်ရာတွင် စာရင်းအင်းအချက်အလက်များမှန်ကန်စေရေး၊ အရည်အသွေးပြည့်မီသော ချေးငွေများကို ထုတ်ချေးနိုင်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး၊ MSME လုပ်ငန်းရှင်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး၊ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်သည့်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးနှင့် အခြားသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး တို့ကိုမှာကြားပြီး တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၊ စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပွားနိုင်သော အနိမ့်ပိုင်းရပ်ကွက်များနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို မုန်တိုင်းဒဏ်ခံကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များနှင့် ယာယီခိုလှုံရာစခန်းများသို့ ကူညီရွှေ့ပြောင်း

**နေပြည်တော် မေ ၁၃**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနေပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ကယ်ဆယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။



**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။**



**သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရေကြည်မြို့တို့၌လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်မီးသတ်ရုံးနေရာ၌လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ၊ပြင်ဆင်စုဖွဲ့မှုများကိုဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမည် ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပွားနိုင်သော အနိမ့်ပိုင်းရပ်ကွက်များနှင့် ပင်လယ်ကမ်းခြေတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံ (Cyclone Shelter) များ၊ မူလစီမံသတ်မှတ်ထားသည့် ယာယီခိုလှုံရာစခန်းအသီးသီးတွင်စနစ်တကျရွှေ့ပြောင်း နေရာချထားပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## မေ ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၆ ဦးတွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၇၁၀၃ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၈၆၃ ဦး |

**နေပြည်တော် မေ ၁၃**

မေ ၁၂ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၀၇၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၆ ဦးတွေ့ရှိပြီး ယနေ့တွင် တစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❑ "မိုခါ" ဆိုင်ကလုန်းမုန်တိုင်းမှ

ရေမိုင် ၂၄၀ ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲယား၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၃၃၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မုန်တိုင်း၏ လက်ရှိအခြေအနေကို အနီရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Storm) "မိုခါ" (MOCHA)သည် ယနေ့ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၅၀ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၁၅ မိုင်မှ ၁၂၅ မိုင်နှုန်းခန့်ဖြစ်သည်။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မေ ၁၄ ရက် နံနက်ပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းကိုစတင်ဖြတ်ကျော်နိုင်ကာ နေ့လယ်ပိုင်းတွင် မုန်တိုင်း၏ ဗဟိုချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဆီသို့အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**(မိုး/ဇလ)**

# ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ဆက်သွယ်မည့် ကလ္လီရှာရှောင်လမ်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သွားရောက်ကြည့်ရှု

**နေပြည်တော် မေ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာမှ တောင်စွန်းကျေးရွာသို့ဆက်သွယ်မည့် ကလ္လီရှာရှောင်လမ်း ၈၂၈၂ ပေ ရှည်သော မြေသားလမ်းနှင့် ကျောက်ရောမြေ၊ ဂဝံခင်းခြင်းလုပ်ငန်း ဖောက်လုပ်နေမှုအခြေအနေများကို မေ ၁၂ ရက် ညနေပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူးက လမ်းဖောက်လုပ်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လမ်းဖောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဖောက်လုပ်သွားမည်ဖြစ်ပြီး လမ်းဖောက်လုပ်ပြီးစီးပါက ဒရယ်၊ ကလ္လီ၊ မုနိုင်း၊ တောင်စွန်းကျေးရွာတို့မှ ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းတို့ကို တာဝန်ရှိသူ တစ်ဦးက ကလ္လီရှာရှောင်လမ်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# အောင်မြေသာစံမြို့နယ်အတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်အတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ စန္ဒရံသီ သီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၄၀ ဦးတို့ကို ဖျားနာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါစမ်းသပ်ပေးခြင်း၊ တီဗွီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ရှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် အပါး ၁၅၀ နှင့် ဒေသခံပြည်သူ ဦးရေ ၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် မေ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို မေ ၁၂ ရက် နေ့လယ်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတရသ စာအုပ်၊ စာစောင်များ ပေးအပ်သည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကိုတွေ့ဆုံစဉ်။

☆ **ကျောဖုံးမှအဆက်**

ထိုင်းအသင်းက ၂ မိနစ် ၅၀ ဒသမ ၄၅ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိသည်။ ရွှေတံဆိပ်ရရှိသည့် မြန်မာရိုးရာလှေအသင်းတွင် ခန့်ဇော်အောင်၊ မြတ်မင်းထွန်း၊ ပြည့်စုံအောင်၊ တင်ကိုကို၊ စောနိုင်လင်းကျော်၊ သက်ပိုင်ဖြိုးနှင့် မျိုးလှိုင်ဝင်းတို့ပါဝင်သည်။ အမျိုးသား၊ အမျိုးသမီး ယှဉ်-၂၄ မီတာ ၂၅၀ ၁၂ တက်လှော်ပြိုင်ပွဲတွင် ထိုင်းအသင်းက ၂ မိနစ် ၈ ဒသမ ၈၇ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ၂ မိနစ် ၁၀ ဒသမ ၂၀၇ စက္ကန့်ဖြင့် ငွေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ၂ မိနစ် ၁၀ ဒသမ ၅၀၁ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ၌ နွေရာသီသင်တန်းဆင်းပွဲများပြုလုပ်

**နေပြည်တော် မေ ၁၃**

နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ ကျန်းမာသန်စွမ်းပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်သူများ ပေါ်ပေါက်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာကြစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် နွေရာသီသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲများကိုပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများက ၃၈ ဖြာမင်္ဂလာတရားတော်များနှင့် ကဗျာများဖြင့် သီဆိုသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ နွေရာသီသင်တန်းဆင်းပွဲကျင်းပစဉ်။



# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် မေ ၁၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ၄၅ လမ်း၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြား အမှတ် (၁၉) အခြေခံပညာ အလယ်တန်းကျောင်း အတွင်း၊ အပြင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ





၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။

**နေပြည်တော် မေ ၁၃**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား ဦးရေ ၆၈၀ တို့ကို မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တို့တွင်စုဖွဲ့၍ စခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သင်တန်းစခန်းအလိုက် ထူးချွန်ဆုရရှိသော သင်တန်းသားများကို လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းမှ Grob-120 TP လေယာဉ်များဖြင့် လက်တွေ့လိုက်ပါ ပျံသန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ တပ်မတော် အကြီးအစားစက်ရုံနှင့် လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်များသို့သွားရောက်၍ ဒေသန္တရလေ့လာရေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အထူးသတိပြုကြိုတင်ပြင်နိုင်ရေး သတိပေးချက်ထုတ်ပြန်

မြန်မာ့ပင်လယ်ပြင်တွင် တိုက်ခတ်လျက်ရှိနေသော အားအလွန်ကောင်းသော မုန်တိုင်း မိုခါ(MOCHA)သည် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ်ဝင်ရောက်စဉ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက် လေပြင်းများကျရောက်နိုင်ခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်မြောက်ပိုင်း အထူးသဖြင့် ပဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးမြို့တို့တွင်လည်းကောင်း၊ ချင်းပြည်နယ် အထူးသဖြင့် မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ထန်တလန်၊ ဟားခါးမြို့တို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထူးသဖြင့် ကလေးနှင့် ကချင်ပြည်နယ်နေသူများအနေဖြင့် အထူးသတိပြုကြိုတင်ပြင်ဆင်နိုင်ရေး သတိပေးချက်ထုတ်ပြန်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

## ကမ္ဘောဒီးယားနိုင်ငံ၏ အမှိုက်နှင့်ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၆၀ ထုတ်ချေးရန်အတည်ပြု



**ဖနွမ်းပင် မေ ၁၃**

ကမ္ဘောဒီးယားနိုင်ငံ၏ အမှိုက်နှင့်ပလတ်စတစ်စီမံခန့်ခွဲမှုစီမံကိန်းလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အမေရိကန်ဒေါ်လာသန်း ၆၀ ထုတ်ချေးရန် ကမ္ဘာ့ဘဏ်အမှုဆောင်ဒါရိုက်တာများအဖွဲ့က မေ ၁၂ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း Devdiscourse သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

စီးပွားရေးတိုးတက်လာမှု၊ မြို့ပြများ ဖွံ့ဖြိုးလာမှုနှင့် ခရီးသွားလုပ်ငန်းများ တိုးတက်လာခြင်းက ကမ္ဘောဒီးယားနိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှုကို ပိုမိုကျယ်ပြန့်လာစေခဲ့သဖြင့် အဆိုပါလုပ်ငန်းများကို ကောင်းမွန်စွာစီမံခန့်ခွဲလုပ်ဆောင်နိုင်ရန်အတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၆၀ အပြင် PROBLUE Trust Fund မှ ပံ့ပိုးငွေ အမေရိကန်ဒေါ်လာသုံးသန်း ပူးတွဲပါဝင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

"ပိုမိုကောင်းမွန်တဲ့ စွန့်ပစ်အမှိုက်နဲ့ ပလတ်စတစ်ဆိုင်ရာ စီမံခန့်ခွဲမှုက ခရီးသွားလုပ်ငန်းအပါအဝင် ကမ္ဘောဒီးယားနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါတယ်"ဟု ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်မန်နေဂျာ Maryam Salim က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အမှိုက်နှင့် ပလတ်စတစ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို စည်ပင်သာယာအမှိုက်စီမံခန့်ခွဲမှုမူဝါဒ ၂၀၂၀ မှ ၂၀၃၀ ပြည့်နှစ်ထိ စီမံကိန်းချမှတ်လုပ်ဆောင်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ အောင်မြင်မှုရှိစေရန် ကမ္ဘာ့ဘဏ်က ချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

AZH

## အယ်ဘတ်တာတောမီးမှ မီးခိုးငွေ့များ အမေရိကန်နိုင်ငံဘက်သို့ ပျံ့နှံ့ရောက်ရှိ

**အော့တာဝါ မေ ၁၃**

ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် မေ ၆ ရက်ကတည်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ကနေဒါတပ်မတော်သားများကို မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် ကနေဒါအာဏာပိုင်အဖွဲ့အစည်းက စေလွှတ်ပေးထားပြီး တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့်မီးခိုးငွေ့များသည် အမေရိကန်နိုင်ငံသို့ ပျံ့နှံ့ရောက်ရှိနေကြောင်း အမေရိကန်သမုဒ္ဒရာနှင့်လေထုပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း(NOAA)က ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက မေ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိ အယ်ဘတ်တာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာပေါင်း ၇၅ နေရာထိရှိနေပြီး နေရာပေါင်း ၂၃ နေရာထိ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း၊ ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း အပူချိန်ဆက်လက်မြင့်တက်လာဖွယ်ရှိနေသည့်အတွက် တောမီးလောင်ကျွမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကနေဒါတောမီးလောင်ကျွမ်းမှုဟာ ပုံမှန်မဟုတ်တဲ့ တောမီးလောင်ကျွမ်းမှုဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းတဲ့ရာသီ မဟုတ်ဘဲ လောင်ကျွမ်းနေတာဖြစ်ပါတယ်။ ကနေဒါတောမီးလောင်ကျွမ်းမှုနေရာများသလို ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေတဲ့အတွက် တောမီးလောင်ကျွမ်းမှုကနေ ထွက်ပေါ်လာတဲ့မီးခိုးငွေ့တွေဟာ အမေရိကန်နိုင်ငံရဲ့နယ်နိမိတ်ထဲထိ ပျံ့နှံ့ရောက်ရှိနေတာ တွေ့ရပါတယ်။ ကောင်းကင်ဂြိုဟ်တုဓာတ်ပုံ မှတ်တမ်းတွေအရ မီးခိုးငွေ့တွေ အမေရိကန်နယ်နိမိတ်ထဲရောက်ရှိလာတာ တော်တော်များပါတယ်"ဟု အမေရိကန်သမုဒ္ဒရာနှင့် လေထုပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း (NOAA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကနေဒါတောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာသော မီးခိုးငွေ့များသည် အမေရိကန်နိုင်ငံထိ ပျံ့နှံ့ရောက်ရှိနေကြောင်း အမေရိကန်သမုဒ္ဒရာနှင့် လေထုပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း (NOAA)က ဂြိုဟ်တုဓာတ်ပုံများနှင့်တကွထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

## ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်နိုင်သဖြင့် ဂရာဘန်ဒန်ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဆွစ်ဇာလန်အာဏာပိုင်အဖွဲ့အစည်း ညွှန်ကြား

**ဘန်း မေ ၁၃**

ဆွစ်ဇာလန်နိုင်ငံ ဂရာဘန်ဒန်နယ်မြေအနီးရှိ ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်လာနိုင်သဖြင့် ဂရာဘန်ဒန်နယ်မြေအနီးရှိ ကျေးလက်ဒေသတချို့မှဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဆွစ်ဇာလန်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း The West သတင်းဌာနက မေ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကျောက်တောင်ပြိုကျမှုသည် နေအိမ်များကိုထိခိုက်နိုင်ပြီး ဒေသခံများအတွက် အသက်အန္တရာယ်ရှိနိုင်သဖြင့် အရေးပေါ်ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခြင်းဖြစ်ကြောင်း၊ ကျောက်တောင်ထိပ်များတွင် မြူနှင်းများလွှမ်းမိုးနေခြင်းကြောင့် ကျောက်တောင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ရန် ခက်ခဲနေပြီး ခန့်မှန်းထားသည့်အတိုင်း ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်လာပါက ဒေသခံများအနေဖြင့် အခြေအနေမှန်ကို မြင်တွေ့နိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်သားတွေဟာ နေရာရွှေ့ပြောင်းနေတာ တွေ့ရတယ်။ ကျောက်တောင်ဧရိယာရဲ့ကျောက်သားပမာဏ ကုဗမီတာ နှစ်သန်းလောက်ထိ နေရာရွှေ့နေတာတွေ့ရတယ်။ ဒီကျောက်သားတွေဟာ နှစ်စဉ် တစ်နှစ်ကို ၃၆ မီတာလောက်ထိ ရွှေ့လျားနေတယ်လို့ တိုင်းတာသိရှိထားပါတယ်။ လက်ရှိနေရာကနေ ထပ်မံရွှေ့ပြောင်းမယ်ဆိုရင်တော့ ကျောက်တောင်ပြိုကျမှုဖြစ်ပေါ်လာနိုင်ပါတယ်။ လာမဲ့ရက်ပိုင်း ဒါမှမဟုတ် ရက်သတ္တပတ်အနည်းငယ်အတွင်း ပြိုကျသွားနိုင်ပါတယ်"ဟု ဂရာဘန်ဒန်အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ခရစ္စတီယန်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**



## အမ်မရိတ်လေကြောင်းလိုင်းက ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးအတွက် ကန်ဒေါ်လာ သန်း ၂၀၀ အသုံးပြုမည်

**အဘူဒါဘီ မေ ၁၃**

အာရပ်စော်ဘွားများ ပြည်ထောင်စု၏ နိုင်ငံတကာလေကြောင်းလိုင်းတစ်ခုဖြစ်သော အမ်မရိတ်လေကြောင်းလိုင်းက ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချရန်ရည်ရွယ်သည့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်း၏ ၂၀၂၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု B2B Chief သတင်းဌာနက မေ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

အမ်မရိတ်လေကြောင်းလိုင်းအနေဖြင့် စီးပွားဖြစ်လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရန် ရည်ရွယ်သည့် သုတေသနနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ သုံးစွဲသွားမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေကို သုံးနှစ်ခွဲပေးပံ့ပိုးသွားမည်ဖြစ်ကြောင်း မေ ၁၁ ရက်က ထုတ်ပြန်သော ၂၀၂၂ ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာအရ သိရသည်။

"လေကြောင်းလိုင်းတွေ ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနဲ့ပတ်သက်ပြီး လက်ရှိသွားနေတဲ့လမ်းကြောင်းက ကျွန်တော်တို့ရည်မှန်းချက်တွေကို ထိထိရောက်ရောက် မပံ့ပိုးနိုင်ပါဘူး။ ဒါကြောင့် ဒီကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အဖွဲ့အစည်းတွေနဲ့ လက်တွဲလုပ်ဆောင်ဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု လေကြောင်းလိုင်းဥက္ကဋ္ဌ Tim Clark က ပြောကြားခဲ့သည်။

ယခုအခါ ဈေးကွက်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးလေကြောင်းလောင်စာများ ရှားပါးနေသေးသော်လည်း နောင်အခါတွင် သုံးစွဲနိုင်ရေး ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ကြေညာချက်သည် ယခုနှစ် နိုဝင်ဘာလတွင် ဒူဘိုင်းမြို့၌ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးညီလာခံ (COP 28) မတိုင်မီ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ AZH

## ဆွီဒင်နိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ၂၀၂၁ ခုနှစ်ကထက် ၂၀၂၂ ခုနှစ်အတွင်း သုံးရာခိုင်နှုန်းကျဆင်းခဲ့

**စတော့ဟုမ်း မေ ၁၃**

ဆွီဒင်နိုင်ငံတွင် ၂၀၁၅ ပဲရစ်ညီလာခံ သဘောတူညီချက်အရ လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် စီမံချက်များဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏသည် ၂၀၂၁ ခုနှစ်ကထက် သုံးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု RTE သတင်းဌာနက မေ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွီဒင်အာဏာပိုင်အဖွဲ့အစည်းသည် ၂၀၂၂ ခုနှစ်အတွင်း မော်တော်ယာဉ်အသုံးပြုမှုကို ကန့်သတ်ခဲ့သကဲ့သို့ စက်မှုဇုန်များတွင်လည်း စည်းမျဉ်းအသစ်များ ချမှတ်၍ စက်ရုံများလည်ပတ်မှုကို လျှော့ချခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့သည် ၄၉ ဒသမ ၅ သန်းတန်ထိ ထုတ်လွှတ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၂၀၂၁ ခုနှစ်က ထုတ်လွှတ်ခဲ့သည့် ပမာဏထက် ၁ ဒသမ ၅ သန်းတန်ထိ လျော့ကျခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကျဆင်းခဲ့ရခြင်းမှာ စက်မှုဇုန်ကဏ္ဍကို ထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဆွီဒင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"၂၀၂၂ ခုနှစ်အတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကျဆင်းခဲ့တာဟာ စက်မှုဇုန်ကဏ္ဍကို ထိန်းချုပ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဟာ ၂၀၂၁ ခုနှစ်က ၄၉ ဒသမ ၅ သန်းတန်ထိ ထုတ်လွှတ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာတော့ ၂၀၂၁ ခုနှစ်က ထုတ်လွှတ်ခဲ့တဲ့ ပမာဏထက် ၁ ဒသမ ၅ သန်းတန်ထိ လျော့ကျခဲ့ပါတယ်။ စက်မှုဇုန်ကဏ္ဍကို ထိန်းချုပ်နိုင်ခဲ့လို့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကျဆင်းခဲ့ပေမဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုတော့ ထိန်းချုပ်နိုင်တာမရှိသေးပါဘူး။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကျဆင်းခဲ့သလို ပြည်တွင်းထုတ်ကုန်ပမာဏလဲ ကျဆင်းခဲ့တယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတိုးတက်မှုရှိခဲ့ပေမဲ့ စီးပွားရေးတိုးတက်မှုကတော့ ကျဆင်းခဲ့ပါတယ်"ဟု ဆွီဒင်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဝန်းသိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၉၈၉ ဧကစိုက်ပျိုးသွားမည်


ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၈၉၈၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ဝန်းသိုမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၃၈၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉၇ ဒသမ ၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝန်းသိုမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာနဲ့ မျိုးတွေဆောင်ရွက်ပေးသွားမယ်။ အချိန်မီစိုက်ပျိုးဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ကာကွယ်နည်းလမ်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် ဝန်းသိုမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စီးပွားမျိုးများ စိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်မျိုးစပါးများကို အချိန်မီစိုက်ပျိုးနိုင်စေရန်အတွက် မိုးစပါးမျိုးကောင်းမျိုးသန့် R-s မှ F-s အဆင့်ထိ မော်ဘီ-၂၊ ဆင်းဧကရီ-၃၊ ပေါ်ဆန်းရင်၊ ရေမင်း၊ ရေအနည်းလို-၇ နှင့် မော်ဘီကောက်ညှင်းမွှေးစသောမျိုးစပါးများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ငန်းစပ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းသို့ ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာ၊ ဇလောင်း(တောင်) ကျေးရွာ၊ ဇလောင်း(မြောက်)ကျေးရွာတို့မှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို မေ ၁၂ ရက်မှ ဇွန် ၁၂ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ပြောပြ၍ သိရသည်။**မောင်နိုင်**

# လားရှိုးမြို့နယ် ကျွန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လားရှိုး မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းတောင်ကျေးရွာ၊ ခွန်နုကျေးရွာနှင့် တာယောင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက ကျွန်းတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅၁ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျွန်းတောင်ကျေးရွာ၊ ခွန်နုကျေးရွာနှင့် တာယောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၃၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူရှစ်ဦးကို ငွေကျပ် ၅၆ သိန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၅ ဦးကို ငွေကျပ် ၄၅၁ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မြဝတီမြို့နယ် ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြဝတီ မေ ၁၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖားကလူကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၂၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊ အတိုးစုစုပေါင်း ငွေကျပ် ၃၆ ဒသမ ၅၇၁၉ သန်းရရှိနေပြီး စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၂ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပြောပြ၍ သိရသည်။ **ကိုသက်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ကဏန်းပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေ

**ဘိုကလေး မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ရေထွက်ကုန် ကဏန်းပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များက ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လနှင့်ဧပြီလအတွင်းက တစ်ရက်လျှင် ပိဿာချိန် ၂၇၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ကဏန်းပိဿာချိန် ၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ဘိုကလေးမြို့က ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချပေးနေပါတယ်။ အခုလအတွင်းမှာလဲ ကဏန်းသီးသန့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခြားဒေသတွေကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်တွေ အဝင်နည်းနေတာကြောင့် ရန်ကုန်ဘက်ကအဝယ်လိုက်နေလို့ ဧရာဝတီတိုင်းဒေသကြီးက တင်ပို့မှုတက်လာတာပါ။ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းနဲ့ အခြားဆက်စပ်သူတွေ အားလုံး အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ကဏန်းများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကဏန်းများ အများအပြား တင်ပို့ရောင်းချနေရသည့်အတွက် ကုန်သည်များ၊ ကဏန်းမွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလာကြောင်း ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြတ်မွန်ထံမှ သိရသည်။

**ကျော်ကျော်လင်း**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်




ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ပညာရှိသောရသေ့နှင့် အယောင်ဆောင်မျောက်




သားတို့ သမီးတို့ရေ. . . မင်္ဂလာပါကွယ်။ ဒီကနေ့ ဘိုးဘိုးပြောပြမဲ့ပုံပြင်လေးကတော့ ပညာရှိသောရသေ့နှင့် အယောင်ဆောင်မျောက်ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။ ပုံပြင်လေးကတော့ ဒီလိုကွဲ့။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီတိုင်းပြည်ကြီးဆိုတာရှိခဲ့ဖူးသတဲ့ကွယ်။ သားတို့ သမီးတို့လဲ ကြားဖူးကြမှာပေါ့ကွယ်။ အဲဒီ ဗာရာဏသီတိုင်းပြည်ကြီးကို ဘယ်သူအုပ်ချုပ်မင်းလုပ်နေသလဲဆိုတော့ ဗြဟ္မဒတ်ဆိုတဲ့ မင်းကြီးတစ်ပါးက အုပ်ချုပ်မင်းလုပ်နေတာပေါ့ကွယ်။ အဲဒီဗာရာဏသီတိုင်းပြည်ကြီးထဲက ပုဏ္ဏားလေးတစ်ယောက်ဟာ တက္ကသိုလ်ပညာတွေသင်ကြားပြီး ပြန်လာတဲ့အခါမှာတော့ အိမ်ထောင်ပြုလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ပုဏ္ဏားလေးနဲ့ သူ့ဇနီးပေါင်းသင်းနေထိုင်ခဲ့ကြပြီး နှစ်အတန်ကြာလာတဲ့အခါ သူတို့မှာ သားလေးတစ်ယောက် မွေးဖွားလာကြသတဲ့ကွယ်။ အဲဒီသားလေးအရွယ်ရောက်လို့ ပြေးလွှားကစားနိုင်တဲ့အခါ ဇနီးဖြစ်တဲ့ပုဏ္ဏေးမဟာ သေဆုံးသွားသတဲ့ကွယ်။ အဲဒီအခါမှာ သားအဖနှစ်ယောက်ဟာ သင်္ဂြိုဟ်မှုကိစ္စပြုကြသတဲ့ကွယ်။ နောက်တော့ သူတို့သားအဖနှစ်ယောက်ဟာ လူတို့လောကီအမှုကိစ္စတွေကို ငြီးငွေ့ပြီးရသေ့ပြုတော့မယ်လို့ ဆုံးဖြတ်လိုက်ကြသတဲ့ကွယ်။ အဲဒီအခါ ဆွေမျိုးတွေက ငိုကြ၊ ဝိုင်းတားကြတာပေါ့ကွယ်။ ဒါပေမဲ့ သူတို့ဟာ သူတို့ဆုံးဖြတ်ချက်ကို မပြင်ကြဘဲ ဟိမဝန္တာတောအုပ်ကြီးထဲသွားပြီး ရသေ့ပြုလိုက်ကြသတဲ့ကွယ်။

ဒီလိုနဲ့ ရသေ့ကြီးနဲ့သားငယ် ရသေ့လေးတို့ဟာ ဟိမဝန္တာတောထဲမှာ သူတော်ကောင်းတရားနဲ့နေထိုင်လာလိုက်ကြတာ တစ်နေ့မှာတော့ မိုးတွေအပြင်းအထန်ရွာချနေသတဲ့ကွယ်။ အဲဒီအခါ သူတို့သားအဖနှစ်ယောက်ဟာ ချမ်းလွန်းလို့ သစ်တုံးတွေရှာမီးဖိုပြီး မီးလှုံနေကြသတဲ့ကွယ်။ အဲဒီလိုမီးလှုံရင်း သားဖြစ်သူက သူ့အဖေကိုနှိပ်နယ်ပေးလို့ အဖေဖြစ်သူရသေ့ကလဲ ရသေ့ကျောင်းကလေးအပေါ်မှာ အနှိပ်ခံပြီးတဲ့နောက် သင်္ကန်းချုပ်နေသတဲ့ကွယ်။ အဲဒီအခါ မျောက်ကြီးတစ်ကောင်ကလဲ မိုးရေဒဏ်မခံနိုင်လို့ ချမ်းတုန်ပြီး မှိုင်နေသတဲ့ကွယ်။ ဒီလိုနဲ့ မျောက်ကြီးဟာ ဟိုရှာဒီရှာနဲ့ သားအဖနှစ်ယောက်မီးလှုံနေတာကို တွေ့သွားသတဲ့ကွယ်။ အဲဒါနဲ့ မျောက်ကြီးက-

"ငါဒီအတိုင်းသွားပြီး မီးဝင်လှုံရင် မျောက်ကြီးဆိုပြီး ရိုက်ထုတ်လိမ့်မယ်။ မီးလှုံရမှာမဟုတ်ဘူး။ အင်း မီးလှုံရဖို့ နည်းလမ်းတစ်ခုတော့ရှိတယ်။ ရသေ့ယောင်ဆောင်ပြီး အံ့သြဖွယ်ပြု၍ ဝင်ရရင် ဖြစ်နိုင်တယ်"ဆိုပြီး စဉ်းစားနေသတဲ့ကွယ်။

ဒီလိုနဲ့မကြာပါဘူး။ အဲဒီမျောက်ဟာ သူစဉ်းစားထားတဲ့အတိုင်း မရှိတော့ပြီဖြစ်တဲ့ ရသေ့တစ်ပါးရဲ့ လျှော်တေအဝတ်ကို ယူဝတ်လိုက်သတဲ့ကွယ်။ ပြီးတော့ ခြင်းတောင်းနဲ့ တောင်ဝှေးကိုပါယူဆောင်ပြီး ရသေ့ကြီးတို့သားအဖနှစ်ယောက်နေတဲ့ ကျောင်းတံခါးအနီးက သစ်ပင်တစ်ပင်ကို မှီပြီးမတ်တတ်ရပ်နေသတဲ့ကွယ်။ အဲဒီအခါ ရသေ့ငယ်လေးက ရသေ့ယောင်ဆောင်ထားတဲ့မျောက်ကြီးကိုမြင်သွားသတဲ့ကွယ်။ ဒါနဲ့ သူ့ဖခင်ကြီးဆီကိုသွားပြီး-

"အဖေ သားတို့ကျောင်းဘေးက သစ်ပင်မှာ ရသေ့အိုကြီးတစ်ပါးတွေ့ရတယ်။ သူချမ်းလို့နေမှာ ခေါ်ပြီးမီးလှုံခွင့်ပေးလိုက်မယ်"ဆိုပြီး ပြောလိုက်သတဲ့ကွယ်။ အဲဒီအခါ ရသေ့ကြီးက သွားပြီးကြည့်လိုက်သတဲ့ကွယ်။ မကြာပါဘူး။ ရသေ့အစစ်မဟုတ်မှန်းသိတော့ ရသေ့ကြီးက-

"ချစ်သား ရသေ့ရဲ့မျက်နှာဟာ ဒီလိုမဟုတ်ဘူး။ ဒါမျောက်သတ္တဝါပဲ မခေါ်ထိုက်ဘူး"ဆိုပြီး ပြောလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ရသေ့ငယ်လေး နားရှင်းအမြင်ရှင်းအောင်မီးစတစ်ခုကိုကိုင်ကာ မျောက်ကြီးဆီကို လှမ်းပြီးပစ်လိုက်သတဲ့ကွယ်။ အဲဒီအခါ မျောက်ကြီးက လျှော်တေအဝတ်ကိုချွတ်ချပြီး ရသေ့အသွင်မဟုတ်တော့ဘဲ မျောက်သတ္တဝါအဖြစ်နဲ့ တောထဲကိုထွက်ပြေးသွားပါလေရောတဲ့ကွယ်။

ကဲ. . . သားတို့ သမီးတို့ရေ. . . ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ သားတို့ သမီးတို့လဲ ဒီပုံပြင်လေးကိုနားထောင်ပြီး အယောင်ဆောင်မျောက်ကြီးလိုမဖြစ်ကြပါစေနဲ့ကွယ်။ လောကမှာ ဟန်ဆောင်ရတဲ့အလုပ်ဟာ ဘုရားမကြိုက်၊ နတ်မကြိုက်မို့ အပင်ပန်းဆုံးအလုပ်ပါပဲကွယ်။ ဒီတော့ သားတို့ သမီးတို့က ဟန်ဆောင်ခြင်းအလုပ်ကို ဘယ်သောအခါမှ မပြုလုပ်မိအောင် ကြိုးစားနေထိုင်ကြရမယ်။ ပြီးတော့ မိမိနဲ့မအပ်စပ်တဲ့ အံ့သြဖွယ်ရာအမှုမျိုးကိုလဲ ဘယ်သောအခါမှမပြုလုပ်ကြပါနဲ့ကွယ်။ ကဲ. . . သားတို့ သမီးတို့နောက်အပတ်တွေကျမှ ထပ်တွေ့ကြရအောင်ကွယ်။ သားတို့ သမီးတို့အားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဘိုးဘိုးက ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်ကွယ်။

**တက္ကသိုလ်မောင်နှင်းဝေ**

## မင်္ဂလာနံနက်ခင်း

♦ ငှက်ကလေးတွေ တေးချင်းဆို
နံနက်ခင်းကိုကြို၊
ပျားပိတုန်းညို ပန်းရုံနား
ဝတ်ရည်စုပ်ရန် သွား။

♦ ဘိုးဘိုးဘွားဘွား ဆွမ်းတော်တင်
ကြေးစည်သံလွင်လွင်၊
သားလည်းဦးတင် ရှိခိုးချ
ငါးပါးအနန္တ
မင်္ဂလာရှိပေစွ။ ။

**ကျော်မင်း(ပုဂံမြေ)**




## အမှိုက်ကောက်မယ်

♦ သားတို့အိမ်ရှေ့ လမ်းမတွင်
အမှိုက်ရှုပ်ပွလျှင်၊
ကောက်ခါယူငင် စွန့်ပစ်ကြ
နိုင်ငံကြီးသားပီသ။

♦ သန့်ရှင်းလှပ ဂုဏ်ယူစရာ
ဒါမှ တို့မြို့ရွာ၊
ကျန်းမာလန်းဖြာ ရောဂါဝေး
အမှိုက်ကင်းလို့လေး။ ။

**အောင်ထိုက်(ရေစကြို)**



# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာသန်း ၂၀ ကျော်ဖိုးရှိငါးကြိတ်သား၊ ငါးအသားလွှာနှင့် ငါးမှုန့်တန်ချိန် ၁၃၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် မေ ၁၃**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ဖိုးရှိ ငါးကြိတ်သား၊ ငါးအသားလွှာနှင့် ငါးမှုန့်တန်ချိန် ၁၃၀၀၀ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန သတင်းများအရသိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မြိတ်နှင့်ကျွန်းစုမြို့နယ်တို့ရှိ ကမ်းနီး၊ ကမ်းဝေးပင်လယ်ရေလုပ်ငန်းများမှ ဖမ်းယူရရှိလာသည့် ငါး၊ ပုစွန်များနှင့် ရေထွက်ကုန်ပစ္စည်းများကို ဒေသတွင်းဈေးကွက်များနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ဖြန့်ဖြူးတင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ထိုသို့ဖြန့်ဖြူးတင်ပို့ရောင်းချပေးရာတွင် ပုစွန်၊ ငါးစည်ဖောင်း၊ ငါးဆားနယ်များ၊ အရည်အသွေးနှင့် အရွယ်အစား ပြည့်မီသည့် ပြည်ပဈေးကွက်ဝင် ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရု၊ ငါးမျိုးစုံနှင့် ငါးမှုန့်များကိုဒေသတွင်း ကုန်သည်လုပ်ငန်းရှင်များက ဝယ်ယူကာ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံရနောင်းမြို့သို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာမှ ပိုလျှံသောငါးများကို ဒေသတွင်းရှိ ငါးအသားလွှာ၊ ငါးကြိတ်သား၊ ငါးမှုန့်ထုတ်လုပ်သည့် ပြည်ပပို့ကုန်၊ ကုမ္ပဏီများကဝယ်ယူကာ အဆိုပါစက်ရုံများတွင် တစ်ဆင့်မြင့်ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ပြီး ထိုင်းနိုင်ငံ၏ အကောက်ခွန်သက်သာခွင့် Form-D အကျိုးခံစားခွင့်ကိုရယူ၍ ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချကြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ငါးအသားလွှာ၊ ငါးကြိတ်သားနှင့် ငါးမှုန့် တင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၇ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၂ သန်းတန်ဖိုးရှိ ငါးကြိတ်သား တန်ချိန် ၁၄၂ ဒသမ ၅ တန်၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၇ သန်းတန်ဖိုးရှိ ငါးအသားလွှာ တန်ချိန် ၃၆၈၄ ဒသမ ၇၃ တန်နှင့် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၂၁ သန်းတန်ဖိုးရှိ ငါးမှုန့် ၉၇၈၇ ဒသမ ၁၂၃ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈၇ သန်းတန်ဖိုးရှိ ငါးကြိတ်သား၊ ငါးအသားလွှာနှင့် ငါးမှုန့်တန်ချိန် ၁၃၆၁၄ ဒသမ ၃၅၃ တန် တင်ပို့ရောင်းချပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

SKL

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm








## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးစိတ်ကျန်းမာရေးဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအောက်ရှိ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၅-၅-၂၀၂၃)
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၃၁-၅-၂၀၂၃)
ညနေ (၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဗဟိုအဆင့်ဆေးရုံကြီး(၂)ရုံနှင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး(လမ်း၇၀၊ ၂၇×၂၈ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကြက်မင်းတွန်တိုးချဲ့ရပ်ကွက်၊ ရွှေစေတီဘိုးဘွားရိပ်သာအနီးရှိ ဦးတင်မြင့် အမည်ဖြင့်ရရှိထားသည့် မြေကွက်အမှတ်(၅၀) (၄၀'×၆၀')နှင့် ဒေါ်ခင်သန်းနွဲ့ ပိုင်ဆိုင်သည်ဟုဆိုသည့် မြေကွက်အမှတ်(၄၉) (၄၀'×၆၀')တို့အား ဝယ်ယူသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်၍ သတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၀၉-၈၇၄၁၄၅၇၁၃

**ဥတ္တရာသီ တောကို့မို**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကွင်းအမှတ်(၅၈၆)၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ညောင်နီပင်ကျေးရွာရှိ ဦးပိုင်အမှတ်(၈၀)၊ ဦးဆန်းအမည်ပေါက် မြေကွက်ကြီးမှ အရှေ့အနောက် (၆၀)ပေ၊ တောင်မြောက် ပေ(၁၀၀)အကျယ်ရှိ ဥယျာဉ်မြေကွက်အား မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၆လမ်း၊၈၅×၈၆ကြား၊ အကြော်စုရပ်နေ ဦးမြင့်လွင် (ဘ) ဦးပေါ၀ (၅/ခဇတ(နိုင်)၀၁၉၀၇၉)မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်လွင်**
**၅/ခဇတ(နိုင်)၀၁၉၀၇၉**
**၀၉-၄၀၂၅၈၆၆၇၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်နေ ဦးစိန်ရွှေအောင် (၉/အမရ(နိုင်)၁၁၁၂၇၉)၏သမီး **မသဲနုဝေ** သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစိန်ရွှေအောင်(၉/အမရ(နိုင်)၁၁၁၂၇၉)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။


(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို...

❖ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**




# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အနီရောင်အဆင့် သတိမှတ်

**နေပြည်တော် မေ ၁၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောအလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Extremely Severe Cyclonic Storm) မိုခါ (Mocha) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၃၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက်

စာမျက်နှာ ၂၂ ကော်လံ ၃ ☐

# (၃၂)ကြိမ်မြောက် ဆီးဂိမ်းရိုးရာလှေပြိုင်ပွဲတွင် မြန်မာ့ရိုးရာလှေအဖွဲ့ ရွှေတစ်ခု၊ ငွေတစ်ခု စတင်ဆွတ်ခူး



**အမျိုးသားယူ-၂၄ မီတာ ၂၅၀ ငါးတက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရယူခဲ့သည့် မြန်မာအသင်းကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် မေ ၁၃**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းရိုးရာလှေပြိုင်ပွဲ ပထမနေ့ကို ယနေ့ စတင်ကျင်းပရာ မြန်မာ့ရိုးရာလှေအဖွဲ့က ရွှေ တစ်ခု၊ ငွေ တစ်ခု စတင်ဆွတ်ခူးခဲ့သည်။

မြန်မာ့ရိုးရာလှေအဖွဲ့သည် ပြိုင်ပွဲ ပထမနေ့တွင် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးဝင်ရောက်ယှဉ်ပြိုင်ရာ နှစ်မျိုးစလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ရိုးရာလှေအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား ယူ-၂၄ မီတာ ၂၅၀ ငါးတက်လှော်ပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ၂ မိနစ် ၁၈ ဒသမ ၄၃၈ စက္ကန့်ဖြင့် ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်ကာ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ၂ မိနစ် ၂၂ ဒသမ ၇၆၃ မှတ်ဖြင့် ငွေတံဆိပ်၊

စာမျက်နှာ ၂၃ ကော်လံ ၄ ☆

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257